# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက် | ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၃၂၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြှင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲအခမ်းအနားကျင်းပစဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲ အခမ်းအနားကျင်းပ

## နိုင်ငံရေးပါတီများအနေဖြင့် မိမိပါတီကို ခိုင်မာအားကောင်းသော ပါတီ၊ မဲဆန္ဒရှင်ပြည်သူက ယုံကြည်အားကိုးသော ပါတီဖြစ်အောင် ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့်လည်း မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးရန် တွေ့ဆုံရခြင်းဖြစ်ပါကြောင်း။

နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များကို ဥပဒေနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် စိစစ်ခွင့်ပြုပေးလျက်ရှိပြီး ယနေ့အထိ လျှောက်ထားသည့် ပါတီ ၆၇ ပါတီရှိပါကြောင်း၊ ယင်းပါတီများအနက်


*စာမျက်နှာ ၃ ကော်လံ ၁ ❖*





# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး Myanmar Cyber Security Challenge 2024 (အလွတ်တန်းအဆင့်) ပြိုင်ပွဲနှင့် ဆိုက်ဘာလုံခြုံရေး အသိပညာပေး ဗီဒီယိုပြိုင်ပွဲ - ၂၀၂၄ (တက္ကသိုလ်အဆင့်) ဆုပေးပွဲသို့ တက်ရောက်




**နေပြည်တော် ဩဂုတ် ၂၄**

Myanmar Cyber Security Challenge 2024 (အလွတ်တန်းအဆင့်) ပြိုင်ပွဲနှင့် ဆိုက်ဘာလုံခြုံရေး အသိပညာပေး ဗီဒီယိုပြိုင်ပွဲ-၂၀၂၄ (တက္ကသိုလ်အဆင့်)ဆုပေးပွဲကို နံနက် ၉ နာရီက နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြား ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဆိုက်ဘာလုံခြုံရေးအသိပညာပေး ဗီဒီယိုပြိုင်ပွဲ-၂၀၂၄(တက္ကသိုလ်အဆင့်)တွင် ဆုရရှိသောဗီဒီယိုဖိုင်များကို ပြသသည်။

**ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ပထမဆုရရှိသော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မမြတ်ရွှေစင်မှူး၊ ဒုတိယဆုရရှိသော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မောင်ပြည်ငြိမ်းအောင်၊ တတိယဆုရရှိသော ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ မောင်မြတ်မင်းခန့်၊ နှစ်သိမ့်ဆုရရှိသော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) မှ မောင်ကောင်းခန့်တင်ကျော်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)မှ မောင်စောဇင်လင်းထက်နှင့် အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့ကြသူများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ယခု ဆိုက်ဘာလုံခြုံရေး အသိပညာပေး ဗီဒီယိုပြိုင်ပွဲတွင် ပထမဆုရရှိသော ဗီဒီယိုဖိုင်ကို Cyber Security Brunei က တာဝန်ယူဆောင်ရွက်သော ASEAN-JAPAN Cyber Security Awareness Video Competition 2024 တွင် မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် အသင်းအုပ်ချုပ်သူများ တက်ရောက်ခဲ့ကြပြီး Myanmar Cyber Security Challenge ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

Myanmar Cyber Security Challenge ပြိုင်ပွဲသို့ တပ်မတော်နည်းပညာတက္ကသိုလ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများမှ အသင်း ၂၅ သင်း၊ ကျောင်းသား/ကျောင်းသူ စုစုပေါင်း ၇၅ ဦးတို့ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ U_SH3LL အသင်းက ပထမ၊ mm_cyb3r_s4g3 အသင်းက ဒုတိယနှင့် Cryptoknights အသင်းက တတိယရရှိခဲ့ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆုရရှိသူများကို ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

**ပြိုင်ပွဲများသို့စေလွှတ်ယှဉ်ပြိုင်လျက်ရှိ**

မြန်မာနိုင်ငံတွင် Myanmar Cyber Security Challenge ပြိုင်ပွဲကို ၂၀၁၅ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့ပြီး ကိုဗစ်-၁၉ ရောဂါအကန့်အသတ်ကြောင့် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကျင်းပနိုင်ခြင်းမရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် ပြန်လည်ကျင်းပနိုင်ခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်တွင် (၈) ကြိမ်မြောက် ကျင်းပနိုင်ခြင်းဖြစ်ကြောင်းနှင့် ပြိုင်ပွဲမှ အနိုင်ရထူးချွန်သူများကို အာဆီယံဒေသတွင်းနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ *ရှေ့ဖုံးမှ*

မှတ်ပုံတင်ခွင့်ပြုပြီးသည့်ပါတီ ၅၁ ပါတီရှိပြီး အဆိုပါပါတီများထဲမှ နိုင်ငံရေးပါတီ ၂ ပါတီကို မှတ်ပုံတင်ခွင့် ပယ်ဖျက်ပေးခဲ့ရသည့်အတွက် လက်ရှိတည်ဆဲ နိုင်ငံရေးပါတီ ၄၉ ပါတီရှိပါကြောင်း၊ နိုင်ငံရေးပါတီ ၄၉ ပါတီအနက် တစ်နိုင်ငံလုံးစည်းရုံးမည့်ပါတီ ၉ ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီ ၄၀ ပါတီရှိပါကြောင်း၊ တစ်နိုင်ငံလုံးစည်းရုံးမည့်ပါတီများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ (စ)နှင့် ပုဒ်မ ၅(ဇ)တို့နှင့်အညီ ပါတီဝင်အင်အားနှင့် ပါတီရုံးခန်းများကို ပြည့်မီအောင် ကြိုးစားဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းလိုပါကြောင်း။

ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်သလို နိုင်ငံရေးပါတီများ၏ လိုအပ်ချက်များကိုလည်း ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် မိမိပါတီကို ခိုင်မာအားကောင်းသော ပါတီ၊ မဲဆန္ဒရှင်ပြည်သူက ယုံကြည်အားကိုးသော ပါတီဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲစနစ်ဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်က အခြေခံမဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးနေသည့်အခြေအနေများ၊ ကော်မရှင်က အခြေခံမဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ အခြေခံမဲစာရင်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရွေးကောက်ပွဲတွင် မဲလက်မှတ်ဖြင့်သာမက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးနိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြကြပြီး ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ကော်မရှင်ရုံးမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံရေးပါတီများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၄၉ ပါတီမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ကျောက်ဆည်တက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး နံရံကပ် စာစောင်ပြပွဲပြိုင်ပွဲများကျင်းပ



**စဉ့်ကိုင် ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် တောမကျေးရွာရှိ ကျောက်ဆည်တက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အထူးပြုဘာသာရပ်ပေါင်းစုံ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး နံရံကပ်စာစောင်ပြပွဲပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ ကျောက်ဆည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာရီရီဦး၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနအသီးသီးမှ ဌာနမှူးများ၊ ကထိကများ၊ အထူးပြုဘာသာရပ်ပေါင်းစုံ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး နံရံကပ်စာစောင်ပြပွဲ ပြိုင်ပွဲ အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာရီရီဦးက မှာစကားပြောကြားပြောကြားပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဒေါ်မြင့်ရီက အမှတ်ပေးစည်းမျဉ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဖိတ်ကြားထားသော အကဲဖြတ်အဖွဲ့များဖြစ်သည့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနအသီးသီးမှ ဌာနမှူးများ၊ ကထိကများ၊ အထူးပြုဘာသာရပ်ပေါင်းစုံ ကျောင်းသား ကျောင်းသူများက ပြခန်းများကို လှည့်လည်ကြည့်ရှု အကဲဖြတ်ပေးခဲ့ကြကြောင်း သိရသည်။ **ကျော်စွာ(စဉ့်ကိုင်)**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

# အကြိမ်(၃၀)မြောက် ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက ပခုက္ကူစာပေဆုရန်ပုံငွေသို့ ငွေကျပ်သိန်း ၁၀၀ နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များနှင့် တပ်မတော်တပ်ရင်းတပ်ဖွဲ့များလက်အောက်ရှိ စာကြည့်တိုက်များသို့ လူထုသိပ္ပံကျမ်းစာအုပ် စုစုပေါင်း ၃၀၀၀ ပေးအပ်လှူဒါန်း



ရန်ကုန် ဩဂုတ် ၂၄

အကြိမ်(၃၀)မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက ပခုက္ကူစာပေဆုရန်ပုံငွေသို့ ငွေကျပ်သိန်း ၁၀၀၊ မြန်မာနိုင်ငံစာကြည့်တိုက်များနှင့် တပ်မတော် တပ်ရင်းတပ်ဖွဲ့များ လက်အောက်ရှိ စာကြည့်တိုက်များသို့ လူထုသိပ္ပံကျမ်းစာအုပ် စုစုပေါင်း ၃၀၀၀ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီဝင်များ၊ စာရေးဆရာ၊ ဆရာမကြီးများ၊ စာပေဆုရပုဂ္ဂိုလ်များ၊ ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ "စာပေကဏ္ဍအတွက် တန်ဖိုးဖြတ်မရနိုင်သော ပခုက္ကူစာပေဆု Video Clip နှင့် ပါရီအိုလံပစ်ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား" Video Clip တို့ကို ပြသသည်။

### အမှာစကားပြောကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနားသည် မိမိတို့၏ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အဓိကထားအထောက်အကူပြုနေသည့် ပခုက္ကူစာပေဆု ဆုနှင်းသဘင်အခမ်းအနားဖြစ်ပါကြောင်း၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးမှာ မြန်မာစာပေပညာရှင်တို့၏ ဝိုင်းဝန်းကြိုးပမ်းမှုများ ပါဝင်သကဲ့သို့ စာပေပညာရှင်များကို ချီးမြှင့်သည့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကစာပေဆု တည်ထောင်သူများ၏ အားစိုက်ထုတ်မှုများကလည်း အဓိကကျပါကြောင်း၊ ပခုက္ကူဦးအုံးဖေ စာပေဆုသည် ၁၉၉၄ ခုနှစ်တွင် စတင်ခဲ့သည်ဖြစ်သည့်အတွက် သက်တမ်းရှည် ပုဂ္ဂလိကစာပေဆုတစ်ခု ဖြစ်ပါကြောင်း။

လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော် ၁၉၉၂ ခုနှစ်တွင် ပခုက္ကူမြို့မှ သိန်းတစ်ရာဆေးပေါင်းရုံပိုင်ရှင် ဦးအုံးဖေက စာပေရန်ပုံငွေတစ်ရပ် တည်ထောင်ရန်အတွက် ငွေကျပ် ၇၆ သိန်းနှင့် ၁၂၇၉ ကျပ်တို့ကို မတည်၍ နိုင်ငံတော်သို့ လှူဒါန်းခဲ့ပါကြောင်း၊ ၁၉၉၄ ခုနှစ်မှ စတင်ပြီး ဦးအုံးဖေ၏ စာပေအလှူဒါနမတည်ငွေနှင့် ပခုက္ကူ ဦးအုံးဖေ တစ်သက်တာ စာပေဆုနှင့် စာပေဆု ဘာသာရပ်လေးမျိုးကို စတင်ချီးမြှင့်ခဲ့ပါကြောင်း၊ ယခုအခါတွင် တစ်သက်တာစာပေဆုနှင့် ဘာသာရပ်ငါးမျိုးကို ဆုချီးမြှင့်လျက်ရှိပါကြောင်း။

၎င်းမကွယ်လွန်မီက ပခုက္ကူဦးအုံးဖေ စာပေဆုပေးပွဲအခမ်းအနားတစ်ခုတွင် "စာပေဟာ ကျွန်တော့်ကို မြေတောင်မြှောက်၊ ရေလောင်း ပေါင်းသင်ပေးတဲ့ ကျေးဇူးရှင်ပါ။ ဒါကြောင့် ကိုယ်ပိုင်ငွေတွေကို ကိုယ်ကျိုးအတွက် အသုံးမပြုဘဲ စာပေကို ကျေးဇူးဆပ်တဲ့အနေနဲ့ စာပေဆု၊ ပညာရည်ချွန်ဆုများအတွက် လှူဒါန်းပေးပြီး စာကြည့်တိုက်များ တည်ဆောက်လှူဒါန်းခြင်း ဖြစ်ပါတယ်။ လမ်းမှား၊ အမြင်မှားရောက်နေတဲ့ လူတွေကိုလည်း စာဖတ်ခြင်းအားဖြင့် အမြင်မှန်ရကာ ကျွန်တော့်လို မကောင်းတဲ့ဘဝက ကောင်းတဲ့ဘဝကို ပြောင်းလဲစေချင်လို့ပါ" ဆိုပြီး ပြောကြားခဲ့သည်ကိုလည်း မှတ်သားခဲ့ဖူးပါကြောင်း။

### ဂုဏ်ပြုမှတ်တမ်းတင်

ယနေ့ ဆုချီးမြှင့်ပွဲတွင် တစ်သက်တာစာပေဆု အပါအဝင် ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ ကျမ်းစာပေဆုနှင့် သုတေသနစာပေဆု စုစုပေါင်း ၁၆ ဆုကို ချီးမြှင့်နိုင်ခဲ့သည့်အတွက် ဆုရရှိသူ စာရေးဆရာ ဆရာမကြီးများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဘာသာရပ်တိုင်းတွင် ဆုရရှိသော စာမူလက်ရာများသည် နိုင်ငံနှင့် ပြည်သူအတွက် ရသ၊ သုတ ဖြည့်ဆည်းပေးမည့် ဘဝလမ်းညွှန် စာမူကောင်းများဖြစ်ကြပါကြောင်း၊ ဆုရရှိသူ ဆရာ၊ ဆရာမကြီးများအားလုံး မိမိတို့၏ ကလောင်အစွမ်းဖြင့် နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါကြောင်း၊ ထို့နည်းတူ ပညာရည်ချွန်ဆု ရရှိကြသော သားငယ်၊ သမီးငယ်လေးများကိုလည်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း။ *စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုရန်ပုံငွေသို့ လှူဒါန်းငွေကျပ်သိန်း ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက မြန်မာနိုင်ငံစာကြည့်တိုက်များသို့ လှူဒါန်းသည့် လူထုသိပ္ပံကျမ်းအတွဲ (၆) နှင့် (၇) တစ်မျိုးလျှင် အုပ် ၁၀၀၀ စီ စုစုပေါင်း အုပ် ၂၀၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေ(မောင်ဆွေသက်) က လက်ခံရယူစဉ်။

*စာမျက်နှာ ၄ မှ*

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးကို အားပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များအတွက် စာအုပ် စာစောင်များကိုလည်း မကြာခဏ လှူဒါန်းပေးလျက်ရှိပါကြောင်း၊ ယနေ့အခမ်းအနားတွင်လည်း လူထုသိပ္ပံကျမ်း အတွဲ(၆) နှင့် အတွဲ (၇) တစ်မျိုးလျှင် အုပ် ၁၅၀၀ စီဖြင့် စုစုပေါင်း အုပ် ၃၀၀၀ ကို ထပ်မံလှူဒါန်းပါကြောင်း၊ စာကြည့်တိုက်များ၏ အခန်းကဏ္ဍအရေးကြီးပုံနှင့် စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားရေးကို လုပ်ဆောင်ကြရန် လိုအပ်ပုံကို တိုက်တွန်းလေ့ရှိသကဲ့သို့ စာတတ်သူတိုင်း စာဖတ်ကြရေး၊ စာတတ်ရုံ၊ အတတ်ပညာ ပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝသည့်၊ ဗလငါးတန်ပြည့်ဝသောလူငယ်များ ပေါ်ထွက်လာစေရေးအတွက် တာဝန်ရှိသူများအပြင် မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်မှုကလည်း အရေးကြီးပုံကို အလေးထား မှာကြားလေ့ရှိပါကြောင်း၊ ထို့အပြင် ကျောင်းစာကြည့်တိုက်နှင့် ရပ်ကွက်စာကြည့်တိုက်များ တိုးပွားရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်နှင့် စာပေ၏ အရေးကြီးသောအခန်းကဏ္ဍကို အလေးထားရန် မိမိတို့ကိုမှာကြားလေ့ရှိပါကြောင်း။

စာပေ၏ အစွမ်းသတ္တိသည် အမှောင်ခွင်းပြီး အလင်းဆောင်နိုင်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ရန်ပုံငွေသို့ ငွေကျပ်သိန်း ၁၀၀ ကို ထည့်ဝင်လှူဒါန်းပါကြောင်း၊ ယနေ့ အခမ်းအနားသို့ တက်ရောက်လာကြသော စာပေပညာရှင်ကြီးများကလည်း စာပေဗိမာန်က ဆောင်ရွက်လျက်ရှိသည့် စာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ကူညီအားဖြည့်ပေးကြပါဟု မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ရန်ပုံငွေသို့ လှူဒါန်းငွေကျပ် သိန်း ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) ကလည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များသို့ လှူဒါန်းသည့် လူထုသိပ္ပံကျမ်းအတွဲ (၆) နှင့် (၇) တစ်မျိုးလျှင် အုပ် ၁၀၀၀ စီ စုစုပေါင်း အုပ် ၂၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေ (မောင်ဆွေသက်) ကလည်းကောင်း၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့များ လက်အောက်ရှိ စာကြည့်တိုက်များသို့ လူထုသိပ္ပံကျမ်းအတွဲ(၆)နှင့် (၇)တစ်မျိုးလျှင် အုပ် ၅၀၀ စီ စုစုပေါင်း အုပ် ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ထွန်းထွန်းဦး ကလည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပခုက္ကူဦးအုံးဖေ တည်ထောင်သော



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပခုက္ကူစာပေ တစ်သက်တာဆုရ ဆရာကြီး ဦးခင်အောင် (ရွှေဘိုဘာမထီခင်အောင်)ကိုယ်စား သမီးဖြစ်သူ ဒေါ်သရဖီစိမ်းအောင် အား ဆုပေးအပ်ချီးမြှင့်စဉ်။

ပခုက္ကူစာပေဆုရန်ပုံငွေသို့ ငွေကျပ် ၇၅သိန်းကိုရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က လက်ခံရယူပြီး စာပေဆုရွေးချယ်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပခုက္ကူစာပေ တစ်သက်တာဆုများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်ရာ ဆရာကြီး ဦးခင်အောင် (ရွှေဘိုဘာမထီခင်အောင်) ကိုယ်စား သမီးဖြစ်သူ ဒေါ်သရဖီစိမ်းအောင်နှင့် ဆရာကြီး ဦးတင့်လွင် (တက်လူ) ကိုယ်စား သားဖြစ်သူ ဦးစည်သူလွင်တို့က လက်ခံရယူကြသည်။

**လက်ခံရယူ**

ယင်းနောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) နှင့် ဦးညွန့်တင် (မောင်ငြိမ်းသူကြို့ပင်ကောက်)တို့က ပခုက္ကူစာပေဆု ဝတ္ထုရှည် ဒုတိယဆုရ မေတ္တာထွေး နွေးပါသည် ဝတ္ထုရေးသားသူ ဆရာညိမ်းညို၊ ဝတ္ထုရှည် တတိယဆုရ စိတ်ဝတ္ထုရေးသားသူ ဆရာနေစိုးသော်၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ မုသားချိုချိုနှင့် အခြားဝတ္ထုတိုများကို ရေးသားသူ ဆရာအမေ့သား (နတ်မောက်)၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ အတိုဆုံးဝတ္ထု၊ အရှည်ဆုံးပြဇာတ်နှင့် အခြားဝတ္ထုတိုများကို ရေးသားသူ ဆရာကိုနီသွေး(မန်းမြို့)၊ ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ မွေးရပ်မြေနှင့် သူငယ်ချင်းနှင့် သုတရသ ဝတ္ထုပေါင်းချုပ်ကို ရေးသားသူ ဆရာထွန်းလှိုင်(မြိုင်)၊ ကျမ်းစာပေ ပထမဆုရ ကုန်းဘောင်ခေတ် စာဆို လက်ဝဲသုန္ဒရ၏ ဘဝနှင့် စာပေကိုရေးသားသူ ဆရာကိုတိုး (ရန်ကင်း)၊ ကျမ်းစာပေ ဒုတိယဆုရ ရတနာပုံအိမ်ရှေ့စံကို ရေးသားသူ ဆရာဦးဝင်းမြင့်မောင် (လင်းအရုဏ်ဦး)၊ ကျမ်းစာပေ တတိယဆုရ ရုပ်ရှင်နှင့်နိုင်ငံရေး၊ အမျိုးသားရေး အခန်းကဏ္ဍကို ရေးသားသူ ဆရာသက်ဦးမောင်၊ သုတေသနစာပေ ပထမဆုရ သရေခေတ္တရာ ပျူတို့၏ ရွှေထည်၊ ငွေထည် ယဉ်ကျေးမှုအနုလက်ရာများကို ရေးသားသူ ဆရာမာန်သစ်ငြိမ်း (ရှေးဟောင်းသုတေသန)၊ ကဗျာပေါင်းချုပ် ပထမဆုရ ရောင်နီသန်းချိန် ပန်းပွင့်ချိန်ကို ရေးသားသူ ဆရာကောင်းနွံ့၊ ကဗျာပေါင်းချုပ် ဒုတိယဆုရ မွေးမြဂုဏ်ရည် စာပန်းသီကဗျာများကို ရေးသားသူ ဆရာရွှေမင်းသား(စစ်ကိုင်း)၊ ကဗျာပေါင်းချုပ် တတိယဆုရ ဘဝတေးသံကဗျာများ ရေးသားသူ ဆရာတော်ကနောင် နိုင်နွယ်ဦး၊ သုတေသနစာပေဒုတိယဆုရ ဆိုကရေးတီး ရိုးရာခရီးကို ရေးသားသူ ဆရာကိုဇော်ဌေး (ယဉ်ကျေးမှု) နှင့် သုတေသနစာပေ တတိယဆုရ လပြည့်နေ့ဖွား မြန်မာလူကျော်များကို ရေးသားသူ ဆရာလက်ယာ (မေတ္တာတံခွန်) တို့က ဆုများ လက်ခံရယူကြသည်။

ထို့နောက် အကြိမ် (၃၀) မြောက် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ရရှိသူများနှင့် ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု ရရှိသူများကို ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)ဦးသိန်းခိုင်ဦးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာ ကေသီထွေးတို့က ဆုများပေးအပ်ချီးမြှင့်ရာ ကျွန်တော်သိသော ကျွန်တော့်ရွာ စာအုပ်ရေးသားသူ ဆရာခင်မောင်ဝင်း(အညာမြေ)၊ သရဒွေးလက်ာ အဖွင့်ကျမ်းစာအုပ် ရေးသားသူ ဆရာသဲ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) မှ ပညာသင်ဆုရရှိသူ မသန့်ဖြူဖြူထွန်း (ဒုတိယနှစ်၊ ပန်းချီပညာဌာန)နှင့်အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ပညာသင်ဆုရရှိသူ မောင်မင်းသုဟန်ကျော် (ဒုတိယနှစ်၊ ပန်းချီပညာဌာန) တို့က ဆုများ လက်ခံရယူကြသည်။

ယင်းနောက် စာပေအလှူရှင် ပခုက္ကူဦးအုံးဖေကိုယ်စား ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးသိန်းခိုင်ဦးက ရှင်းလင်းပြောကြားပြီး ဆုရရှိသူများကိုယ်စား ပခုက္ကူစာပေဆု သုတေသနစာပေ ပထမဆုရ ဆရာမာန်သစ်ငြိမ်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများသည် ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားတွင် ပြသထားသည့် ဆုရရှိသူများ၏ ဓာတ်ပုံများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**

## ဖျာပုံမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ခရိုင်အဆင့်ပြိုင်ပွဲကျင်းပ

**ဖျာပုံ ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်ကျင်းပသော (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ ခရိုင်အဆင့် ပြိုင်ပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားကို ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ



ဦးတင်လင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့် ဖျာပုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ထားမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လင်းက ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖျာပုံခရိုင်အတွင်းရှိ (ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဘိုကလေး)မြို့နယ်များမှ မြို့နယ်ကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များက ပြိုင်ပွဲဘာသာရပ်များ အလိုက် ပါဝင်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲဝင် အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ၈၇ ဦး စုစုပေါင်း ၁၁၈ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

## ပန်းဘဲတန်းမြို့နယ် နေဝန်းနီအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် နေဝန်းနီအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်က မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးတွင် သဘာပတိအဖြစ် သမဝါယမအသင်း ဥက္ကဋ္ဌ ဦးသန်းစိုးအေးက ဆောင်ရွက်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အသင်းအမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်း၏ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ကိုလတ်က ဖတ်ကြားတင်သွင်းခဲ့ကာ အတည်ပြုဆွေးနွေးကြသည်။

ထို့နောက် ပန်းဘဲတန်းမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဘုန်းမြင့်လှိုင်က သမဝါယမအသင်းများနှင့် ပတ်သက်၍ သမဝါယမအသင်းဖွံ့ဖြိုးတိုးတက်စေရန် အတွက် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများ ရှင်းလင်းပြောကြားပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစုပေါ်အမြတ်ငွေနှင့် လက်ဆောင်ပစ္စည်းများကို နေဝန်းနီအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အသင်းသားများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို





**နေပြည်တော် ဩဂုတ် ၂၄**

စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများ စိတ်လက်ပျော်ရွှင်ချမ်းမြေ့စေရန်၊ ကုသိုလ်ပွားများနိုင်စေရန်၊ စိတ်ခွန်အားဖြစ်စေရန်၊ မြန်မာအင်ဂျင်နီယာများ၏ စွမ်းပကားများကို ကြည့်ရှုလေ့လာနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဒက္ခိဏသီရိမြို့နယ်၌ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုကို ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်ရည်ရွယ်၍ တည်ထားကိုးကွယ်ထားရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ **(ယာပုံ)**

ဦးစွာ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ ရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီး၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို မာရဝိဇယဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့ပြင် ဘုရားဖူးလာရောက်သည့် စက်မှုဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိသားစုများက ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည် ရှင်းလင်းဖြေကြားပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဘုရားဖူးလာရောက်သည့် ပြည်ထောင်စုဝန်ကြီး၊ ဝန်ထမ်းများနှင့် မိသားစုများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ညီညာစွာ စီတန်းပြီး ဗုဒ္ဓဂုဏ်တော်များကို ရွတ်ပွားလျက် ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ဖတ်ပူဇော်သည်။ ထို့နောက် ဘုရားရင်ပြင်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်ငယ်ပုံစံ ပြသထားမှု၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယဆင်းတုတော်ကြီးအား အစိတ်အပိုင်းလေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီးပုံစံငယ်များ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုးလက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှုမှတ်တမ်းဓာတ်ပုံများ၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာတည်ထား ပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် သာသနိကအဆောက်အအုံများကို ဖူးမျှော်လေ့လာကြည်ညိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

## အင်းစိန်မြို့နယ် အောင်ဆန်းတောရ တပ်ဦးကျောင်းတိုက်၌ ၁၀ ရက် တရားစခန်းဖွင့်

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းတောရတပ်ဦးကျောင်းတိုက်၌ ၁၀ ရက် တရားစခန်းပွဲကို လူဦးရေ ၅၀၀ ကျော်ဖြင့် အဆိုပါကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၇၇)၌ ဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါတရားစခန်းပွဲကို မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၇၇)၏ ပဓာနနာယက၊ အင်းစိန်မြို့နယ်သံဃနာယကအဖွဲ့ ဩဝါဒါစရိယ ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော် ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်၏ ကြီးကြပ်မှုဖြင့် ဩဂုတ် ၂၂ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ၁၀ ရက်တိုင်တိုင် လူဦးရေ ၅၀၀ ကျော်ဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

ရတနာသစ်တော၊ ပြည့်သွေးကြော။
သစ်တောရတနာ၊ ထိန်းသိမ်းပါ။

## မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာအုပ်စု ရိုးဝကျေးရွာရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူ ၂၀၇ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သွေးတိုးရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မှန်ကင်းပဋ္ဌောတာရုံကျောင်းတိုက်ရှိ သံဃာတော် အပါး ၁၂၀ တို့ကို အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာဆိုဗိမာန်တည်ဆောက်မည့်မြေနေရာရှိ အဆောက်အဦများ ရှင်းလင်းဖျက်သိမ်းပြီးစီးမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၄**
ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စာဆိုဗိမာန် အဆောက်အဦ သုံးထပ် (RC) တည်ဆောက်မည့် မြေနေရာ၌ အဆောက်အအုံဟောင်းများ ရှင်းလင်းဖျက်သိမ်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**





**ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်**

ပြည်ထောင်စု ဝန်ကြီးက စာဆိုဗိမာန် အဆောက်အဦ သုံးထပ် (RC) တည်ဆောက်မည့် မြေနေရာရှိ သစ်ပင်ကြီးများ ရှင်သန်ပေါက်ရောက်နေမှုအပေါ် မလွတ်ကင်းသည့် အပင်များ ဖယ်ရှားရှင်းလင်းနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရန် မှာကြားပြီး စာပေဗိမာန်စာကြည့်တိုက်အဖြစ် ပြန်လည်မွမ်းမံပြင်ဆင်ဆောင်ရွက်မည့် သုံးထပ်အဆောက်အအုံကို ကြည့်ရှုစစ်ဆေးကာ အဆောက်အအုံ ဥပဓိရုပ်ကောင်းမွန်စေရေးနှင့် ကြံ့ခိုင်မှုရှိစေရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

နိုင်ငံတော် အကြီးအကဲက မြန်မာနိုင်ငံ၌ ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြုချီးမြှင့်ရာရောက်စေမည့် စာဆိုဗိမာန် တစ်ခု အောင်မြင်စွာပေါ်ပေါက်ဖြစ်ထွန်းလာစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ စာပေအနုပညာဆိုင်ရာပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် လမ်းညွှန်မှုပြုခဲ့သည့်အတွက် စာဆိုဗိမာန်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းကို ပြန်ကြားရေးဝန်ကြီးဌာန ကိုယ်စားပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက် အဆောက်အဦကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ မြေတိုင်းရပ်ကွက် (၁၈-အေ)၊ မြေကွက်အမှတ် (၂၉ ၏ တစ်စိတ်တစ်ဒေသ) အခမဲ့မြေကွက်အမျိုးအစား ဖြစ်သော မြေဧက ၂ ဒသမ ၁၈ ဧကပေါ်တွင် တည်ဆောက်သွားမည်ဖြစ်သည်။

**ဒီဇိုင်းပုံစံရေးဆွဲပေး**

စာဆိုဗိမာန် အဆောက်အဦ ဒီဇိုင်းပုံစံကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ရေးဆွဲပေးပြီး အဆောက်အဦ၏ ခန့်မှန်းတန်ဖိုးကို အဆောက်အဦဦးစီးဌာနက တာဝန်ယူတွက်ချက်ပေးခဲ့သည်။

အဆိုပါ စာဆိုဗိမာန် တည်ဆောက်ရေး စီမံကိန်းကို အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီ အထောက်အပံ့ဖြင့် ဆောင်ရွက်နိုင်ရန် ၁၈-၃-၂၀၂၄ ရက်တွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ စာဆိုဗိမာန် တည်ဆောက်ရေး စီမံကိန်းသဘောတူညီချက် (Project Agreement) ကို မြန်မာ - အိန္ဒိယ နှစ်နိုင်ငံမှ တာဝန်ရှိသူတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

စာဆိုဗိမာန်အဆောက်အဦ သုံးထပ် (RC) အကျယ်အဝန်းမှာ အလျား ပေ ၁၆၀ x အနံ ပေ ၁၄၀x အမြင့် ၅၇ ပေ ၈ လက်မ သုံးထပ် (RC) အဆောက်အဦဖြစ်ပြီး ၅၂၁၂၈ စတုရန်းပေ ဖြစ်သည်။ စာဆိုဗိမာန်တည်ဆောက်ရေးစီမံကိန်းတိုးတက်ပြီးစီးမှုကို စောင့်ကြည့်ရန် မြန်မာ - အိန္ဒိယနှစ်နိုင်ငံမှ တာဝန်ရှိသူများ ပါဝင်သည့် (Joint Project Mornitoring Committee - JPMC) ကို အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်သည်။

**လေလံတင်ရောင်းချ**

စာဆိုဗိမာန် အဆောက်အဦ တည်ဆောက်မည့် မြေနေရာနှင့် လွတ်ကင်းမှုမရှိသည့် အဆောက်အအုံဟောင်းလေးလုံးကို လေလံတင်ရောင်းချခဲ့ပြီး တင်ဒါအောင်မြင်သည့်အဖွဲ့က သတ်မှတ်ရက်အတိုင်း ဖျက်သိမ်းရှင်းလင်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

စာဆိုဗိမာန်အဆောက်အဦကို နှစ်နှစ်စီမံကိန်းအဖြစ် သတ်မှတ်ပြီး စာဆိုဗိမာန်အဆောက်အဦ သုံးထပ် (RC) တည်ဆောက်ရေးအတွက် ဈေးနှုန်းအဆိုပြုလွှာဖိတ်ခေါ်၍ တင်သွင်းလာခဲ့ရာယင်းတင်သွင်းလာသည့် ဈေးနှုန်းအဆိုပြုလွှာများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ မကြာမီကာလတွင် အဆိုပါ စာဆိုဗိမာန် အဆောက်အဦ သုံးထပ် (RC) ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆောက်အဦတည်ဆောက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံခြင်း ယာယီဖြစ်ပေါ်ခဲ့

**နေပြည်တော် ဩဂုတ် ၂၄**
နေပြည်တော် ကောင်စီနယ်မြေအတွင်း ဩဂုတ် ၂၃ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ယနေ့ နံနက်ပိုင်းတွင် ဒေသတွင်းရှိ ချောင်းမြောင်းများ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီး အဆိုပါချောင်းများ ဧရိယာဝန်းကျင်ရှိ လူနေအဆောက်အအုံအချို့ ရေဝင်ရောက်နစ်မြုပ်မှု ဖြစ်ပေါ်ခဲ့ရာ အဆိုပါဒေသများကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကူညီစောင့်ရှောက်မှုပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ကန်ရေပြည့်ရန် နှစ်ပေခန့်လို**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့တွင်း ငလိုက်ချောင်းနှင့် ဆင်သေချောင်းတစ်လျှောက် ရေစီးဆင်းမှု၊ ချောင်းဧရိယာဝန်းကျင်ရှိ လူနေအဆောက်အအုံအချို့ ရေဝင်ရောက်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ ကြည့်ရှုစစ်ဆေးမှုများအရ ငလိုက်ရေလှောင်တမံသည် ကန်ရေပြည့်သို့ ရောက်ရှိရန် နှစ်ပေခန့်လိုအပ်နေသေးကြောင်း သိရှိရပြီး ငလိုက်ချောင်းအတွင်း တိုက်ရိုက်စီးဝင်သည့် တောင်ညိုချောင်းနှင့် တံခွန်တိုင်ချောင်းများမှ ရေစီးဆင်းမှု များပြားခြင်းကြောင့် ငလိုက်ချောင်း အောက်ပိုင်းရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး ချောင်းဧရိယာအတွင်းရှိ လူနေအိမ်အချို့တွင် ရေဝင်ရောက် နစ်မြုပ်ခြင်းသာ ဖြစ်သည်။

**ရေကျော်စီးဆင်းခြင်းမဟုတ်**

ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်း၌ ဆင်သေချောင်းအပါအဝင် အခြားချောင်းငယ်များတွင်လည်း ရေစီးဆင်းမှုများပြားကြောင်းသိရှိရပြီး အဆိုပါ ရေစီးဆင်းမှုများမှာ ရေလှောင်တမံများ၏ ရေပိုလွှဲမှ ရေကျော်စီးဆင်းခြင်းကြောင့် မဟုတ်ဘဲ ဩဂုတ် ၂၃ ရက်၌ ဥတ္တရသီရိမြို့နယ်တွင် ၄ ဒသမ ၈၈ လက်မ၊ ပုဗ္ဗသီရိမြို့နယ်တွင် ၄ ဒသမ ၃၃ လက်မနှင့် အခြားမြို့နယ်များအတွင်း မိုးသည်းထန်ပျံ့နှံ့စွာ ရွာသွန်းခဲ့ခြင်းကြောင့်သာ ဖြစ်ကြောင်း၊ နေပြည်တော်ဧရိယာရှိ အဓိက ရေလှောင်တမံများဖြစ်သည့် ငလိုက်ရေလှောင်တမံတွင် ကန်ရေပြည့်ရန် နှစ်ပေခန့်၊ ဆင်သေရေလှောင်တမံတွင် ၂၂ ပေခန့်နှင့် ရေဆင်းရေလှောင်တမံတွင် ၁၃ ပေခန့် လိုနေပြီး ပေါင်းလောင်းရေလှောင်တမံတွင်သာ ရေပိုလွှဲမှ ငါးပေခန့် ရေကျော်စီးဆင်းလျက်ရှိကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်လျက်ရှိသည့် ပေါင်းလောင်း ရေလှောင်တမံ ရေပိုလွှဲမှ ရေကျော်စီးဆင်းလာသောရေများသည့် ပေါင်းလောင်းချောင်းမှ စစ်တောင်းမြစ်အတွင်းသို့ ပုံမှန်စီးဆင်းလျက်ရှိသဖြင့် ဒေသ၏ရေကြီးရေလျှံမှု ဖြစ်ပေါ်ရန် မရှိကြောင်း။

**ယာယီရေကြီးရေလျှံမှုဖြစ်ပေါ်**

နေပြည်တော် ကောင်စီနယ်မြေအတွင်း ၌ ယမန်နေ့ညနေပိုင်းနှင့် ညပိုင်းတွင် သည်းထန်ပျံ့နှံ့စွာရွာသွန်းခဲ့သည့် မိုးရေများ စီးဝင်မှုမှတစ်ဆင့် ချောင်းမြောင်းများ ယာယီရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ရေများ ပြန်လည်လျော့ကျ လာလျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေလှောင်တမံများ အားလုံးကြံ့ခိုင်မှုကောင်းမွန်ပြီး စိုးရိမ်ရန်အခြေအနေ မရှိကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်တောင်းမြစ်ရေကြီးမှုအခြေအနေ

## စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင် အထူးသတိပြုနေထိုင်

**ရန်ကုန် ဩဂုတ် ၂၄**
ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အောက် တစ်ပေခန့် (၃၀ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၈ စင်တီမီတာ) တွင် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တောင်လေးလုံးပျိုးဥယျာဉ်အတွင်း အင်းလေးကန် ရေဝေရေလဲ ထိန်းသိမ်းရေးစိုက်ခင်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၂၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ်ရှိ အင်ပြင်ပျိုးဥယျာဉ်သို့ ရောက်ရှိစစ်ဆေးသည်။

**ပျိုးပင်များ ကြိုတင်ပျိုးထောင်**

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ကလောမြို့ကို ထင်းရှူးမြို့တော်ဖြစ်စေရေးအတွက် ထင်းရှူးစိုက်ခင်းများ တည်ထောင်ခြင်း၊ တစ်အုပ်တစ်မစိုက်ပျိုးခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ လမ်းဘေးဝဲယာစိုက်ပျိုးခြင်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန်နှင့် နှစ်ပေအထက်ပျိုးပင်များ စဉ်ဆက်မပြတ်ရရှိစေရေးအတွက် ပျိုးဥယျာဉ်များတွင် ပျိုးပင်များကြိုတင်ပျိုးထောင်ထားရန်၊ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးအတွက် အင်းလေးကန် ရေဝေရေလဲဒေသရှိ သစ်တောများ ထိန်းသိမ်းကာကွယ်ရန်နှင့် ရေဝေရေလဲသစ်တောစိုက်ခင်းများ တိုးချဲ့တည်ထောင်သွားရန် မှာကြားကာ အင်ပြင်ပျိုးဥယျာဉ်အတွင်း သစ်မျိုး ရှစ်မျိုးဖြင့် ပျိုးပင် ၄၈၀၀၀ ကြိုတင် ပျိုးထောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**စက်မှုကုန်ကြမ်း ထင်းရှူးစိုက်ခင်း**

ယင်းနောက်ကလောမြို့နယ်အောင်ပန်းကြိုးဝိုင်းအတွင်းရှိ ၂၀၂၄ ခုနှစ် စက်မှုကုန်ကြမ်းထင်းရှူးစိုက်ခင်း ဖ၅ ဧက နှင့် ၂၀၂၂ ခုနှစ် ကွက်လပ်ဖြည့်ထင်းရှူးစိုက်ခင်း ၂၂ ဧက၏ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ ကလောမြို့နယ် သီခေါင်တောင်ကြိုးပြင်ကာကွယ်တောအတွင်းရှိ၂၀၂၃ ခုနှစ် အာဆီယံလမ်းမကြီးဘေးဝဲယာစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးခြင်း ခြောက်ဧကနှင့် တစ်အုပ်တစ်မ ထင်းရှူးပင် ၃၂၀၀ ၏ ရှင်သန်အောင်မြင်မှုအခြေအနေကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ် ကွက်လပ်ဖြည့်ထင်းရှူး စိုက်ခင်း ၃၅ ဧကနှင့် ၂၀၂၄ ခုနှစ် စက်မှုကုန်ကြမ်း ထင်းရှူးစိုက်ခင်း ၈၅ ဧက၏ရှင်သန်မှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သစ်မျိုး ၁၅ မျိုးဖြင့် ပျိုးထောင်ထားရှိမှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့နယ် ဟဲဟိုးပျိုးဥယျာဉ်အတွင်း အာဆီယံလမ်းဘေးဝဲယာစိုက်ပျိုးခြင်း၊ အင်းလေးကန်စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးခြင်းနှင့် လူထုဖြန့်စိုက်ပျိုးခြင်းများအတွက် သစ်မျိုး ၁၅ မျိုးဖြင့် ပျိုးပင် ၁၀၇၀၀၀ ပျိုးထောင်ထားရှိမှုကိုလည်းကောင်း၊ ဟဲဟိုး-ဘော်ဆိုင်းကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာစိမ်းလန်းစိုပြည်စေရေးအတွက် ၂၀၂၂ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးခဲ့သော လမ်းဘေးဝဲယာထင်းရှူးပင် ၃၂၀၀၀ နှင့်တောင်ကုန်းများ မြေဆီလွှာတိုက်စားမှုကာကွယ်ရေးအတွက် တစ်အုပ်တစ်မထင်းရှူးပင် ၂၁၆၀၀ ၏ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးထားသည့် အပင်များ ဆက်လက်ရှင်သန်ရေးနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

**ရေဝေရေလဲထိန်းသိမ်းရေး**

ဆက်လက်၍ တောင်ကြီးမြို့နယ် တောင်လေးလုံးပျိုးဥယျာဉ်အတွင်း အင်းလေးကန်ရေဝေရေလဲ ထိန်းသိမ်းရေးစိုက်ခင်းနှင့် လူထုဖြန့်စိုက်ပျိုးခြင်းအတွက် ပျိုးပင် ၂၄၀၀၀ ကြိုတင်ပျိုးထောင်ထားမှု အခြေအနေနှင့် အေးသာယာ Green Zone ပျိုးဥယျာဉ်အတွင်း တောင်ကြီးမြို့ ထီသိမ်ကန်ရေထွက် စိမ်းလန်းစိုပြည်ရေးနှင့် ထီသိမ်ကန်ရေဝေရေလဲ ထိန်းသိမ်းရေးအတွက် ထင်းရှူးပျိုးပင် ၁၂၀၀၀ နှင့် အထူးပျိုးပင် ၃၉၄၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၁၈) နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၂၄**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့တွင် ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီးဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှု အားပေးကြသည်။

**ယှဉ်ပြိုင်ကစား**

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး (မီတာ ၅၀၀၀ လမ်းလျှောက်၊ အလျားခုန်၊ မီတာ ၈၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ တန်းကျော်၊ ကြိုးတပ်သံလုံးပစ်၊ မီတာ ၂၀၀၀ တားဆီးကျော်ပြေး) ပြိုင်ပွဲများနှင့် အမျိုးသား (ကြိုးတပ် သံလုံးပစ်၊ မီတာ ၈၀၀၊ မီတာ ၂၀၀၊ အလျားခုန်၊ မီတာ ၄၀၀ တန်းကျော်) ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြသည်။**(အောက်ပုံ)**





**ဆုချီးမြှင့်ပေးအပ်**

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ယမန်နေ့က ကျင်းပခဲ့သည့် ပြိုင်ပွဲများဖြစ်သော အမျိုးသား(မီတာ ၁၀၀၀၀ လမ်းလျှောက်၊ မီတာ ၃၀၀၀) ပြိုင်ပွဲများ၊ အမျိုးသမီး မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲ၊ အမျိုးသား / အမျိုးသမီး (သံပြားဝိုင်းပစ်၊ မီတာ ၄၀၀၊ တန်းမြင့်ခုန်၊ ၁၀၀ x ၄ လက်ဆင့်ကမ်း) ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို ပြည်ထောင်စုဝန်ကြီး **(အပေါ်ပုံ)**၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဂုဏ်ဆောင် ပြေးခုန်ပစ်လက်ရွေးစင် အားကစားသမားဟောင်းများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**အဆင့်ရပ်တည်မှု**

ယနေ့ ပြိုင်ပွဲများအပြီးတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်းများမှ အဆင့်ရပ်တည်မှုအနေဖြင့် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် နှစ်ခုဖြင့် ရှမ်းပြည်နယ်အသင်းက ပထမ၊ ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် သုံးခုဖြင့် တနင်္သာရီတိုင်းဒေသကြီးအသင်းက ဒုတိယ၊ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် ခြောက်ခုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တတိယ၊ ရွှေတံဆိပ် နှစ်ခုဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက စတုတ္ထနေရာများတွင် ရပ်တည်နိုင်ခဲ့ကြသည်။

**မည်သူမဆိုကြည့်ရှု အားပေးနိုင်**

ဩဂုတ် ၂၅ ရက် နံနက် ၆ နာရီခွဲမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (မီတာ ၅၀၀၀၊ သံလုံးပစ်၊ တုတ်ထောက်ခုန်၊ မီတာ ၁၁၀ တန်းကျော်၊ မီတာ ၂၀၀၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ မီတာ ၈၀၀) ပြိုင်ပွဲများနှင့် အမျိုးသမီး (မီတာ ၃၀၀၀၊ မီတာ ၁၀၀ တန်းကျော်၊ သံလုံးပစ်၊ တုတ်ထောက်ခုန်၊ မီတာ ၂၀၀၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ မီတာ ၈၀၀) ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၄**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကိုဗစ်အလွန်ကာလ ယဉ်ကျေးမှုအမွေအနှစ် ခရီးစဉ်ဒေသများတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေးဆွေးနွေးပွဲသို့ တက်ရောက်



**နေပြည်တော် ဩဂုတ် ၂၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် သည် ယမန်နေ့ နံနက်ပိုင်းက ပုဂံမြို့ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ ၂၀၂၃ ဖြင့် ဆောင်ရွက်သည့် ကိုဗစ်အလွန်ကာလ ယဉ်ကျေးမှုအမွေအနှစ် ခရီးစဉ်ဒေသများတွင် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်း ဖော်ဆောင်ရေး ဆွေးနွေးပွဲ (Seminar on Making Tourism More Sustainable in Cultural Heritage Destinations in the Post Pandemic) ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E Ms. Ma Jia၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့် တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**စီမံကိန်းသုံးခုရရှိထား**

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက ယခုစီမံကိန်းအပြင် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေမှ စီမံကိန်းသုံးခုကို ရရှိထားခဲ့ပြီး ဖြစ်ပါကြောင်း၊ မဲခေါင်-လန်ချန်းနိုင်ငံများအကြား ယဉ်ကျေးမှုနှင့် ကမ္ဘာ့အမွေအနှစ်နေရာများကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်၊ ယဉ်ကျေးမှုနှင့် ကမ္ဘာ့အမွေအနှစ်နေရာများ၏ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြုံတွေ့လျက်ရှိသည့် စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ အတွေ့အကြုံကောင်းများကို ပေါင်းစပ်ဆောင်ရွက်နိုင်ရန်နှင့် ခရီးသွားလုပ်ငန်းများ ကြံ့ကြံ့ခံနိုင်ရေးအတွက် ရေရှည်တည်တံ့သော ခရီးသွားမူဝါဒနှင့် စီမံကိန်းများရေးဆွဲခြင်း၊ ခရီးစဉ်ဒေသများ စီမံခန့်ခွဲမှု၊ ခရီးသည်စီမံခန့်ခွဲမှု၊ မဟာဗျူဟာမြောက် ဈေးကွက်ရှာဖွေခြင်း၊ ယဉ်ကျေးမှုနှင့် ကမ္ဘာ့အမွေအနှစ်နေရာများတွင် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲခြင်း စသည့်မဟာဗျူဟာများနှင့် အလေ့အကျင့်ကောင်းများကို မျှဝေနိုင်ရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း။

**အပြန်အလှန်မျှဝေရန်ပြော**

ကိုဗစ် - ၁၉ ကာလအတွင်း ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်စီးပွားရေးလုပ်ငန်းများအနေဖြင့် အခက်အခဲနှင့် အကျပ်အတည်းများ များစွာကြုံတွေ့ခဲ့ရပြီး ကိုဗစ်-၁၉ အလွန်ကာလများတွင် ခရီးသွားလုပ်ငန်းများ ပြန်လည်ထူထောင်ရာ၌ နည်းလမ်းအသစ်များ ပြန်လည်စဉ်းစားဖော်ဆောင်ရန်လိုအပ်ပါကြောင်း၊ သို့ဖြစ်ရာ ယခုကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရာတွင်လည်း ခရီးသွားလုပ်ငန်းများဖြင့် ပိုမိုရေရှည်တည်တံ့အောင် ဆောင်ရွက်နိုင်ရေး ယခုကဲ့သို့ဆွေးနွေးပွဲကျင်းပပြုလုပ်၍ မဲခေါင်နိုင်ငံများ၏ အလေ့အကျင့်ကောင်းများနှင့် ဆောင်ရွက်နေမှုများကို အပြန်အလှန်မျှဝေရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E Ms. Ma Jia က ဂုဏ်ပြုအမှာစကား ပြောကြားပြီး မဲခေါင် - လန်ချန်း ပူးပေါင်းညှိနှိုင်းရေး ရုံးအဖွဲ့(မြန်မာ)မှ ကိုယ်စားလှယ်တစ်ဦးက အမှာစကား ပြောကြားသည်။

**စကားဝိုင်းဆွေးနွေး**

အဆိုပါ ဆွေးနွေးပွဲတွင် မဲခေါင် - လန်ချန်းနိုင်ငံများမှ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ပညာရှင်များနှင့် ဆွေးနွေးပွဲတက်ရောက်လာသူများက ခရီးသွားလုပ်ငန်းဖြင့် ဒေသတွင်းယဉ်ကျေးမှုအမွေအနှစ်ခရီးစဉ်ဒေသများ ရေရှည်တည်တံ့အောင် ဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဆိုင်ရာ အလေ့အကျင့်ကောင်းများ မျှဝေခြင်း၊ ယဉ်ကျေးမှုအမွေအနှစ် ခရီးစဉ်ဒေသများ မြှင့်တင်ခြင်းကိစ္စရပ်များကို အပိုင်းသုံးပိုင်းခွဲ၍ စကားဝိုင်းဆွေးနွေးခြင်းနှင့် မေးခွန်းများမေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E Ms. Ma Jia ကို ပုဂံမြို့ရှိ ရွှေနန်းတော်ဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

**နှစ်နိုင်ငံခရီးသွားလုပ်ငန်း**

တွေ့ဆုံစဉ် မြန်မာ - တရုတ် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်မှုအခြေအနေများ၊ မဲခေါင် - လန်ချန်း အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း မြန်မာနိုင်ငံရှိ ပုဂံမြို့ကဲ့သို့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်မြို့များကို ညီအမမြို့တော်များ (Sister Cities) အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဆိုင်ရာတို့ကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနပိုင် ဟိုတယ်များနှင့် တုရင်တောင်ခြေရှိ Tuyin Villa Eco Farm အပန်းဖြေစခန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် ကိုဗစ်အလွန်ကာလ ယဉ်ကျေးမှုအမွေအနှစ် ခရီးစဉ်ဒေသများတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း ဖော်ဆောင်ရေး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး၊ မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ညစာသုံးဆောင်ကြရာ ညစာစားပွဲအခမ်းအနားတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**သန့်ရှင်းသာယာလှပစေရန်**

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုဂံဒေသရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဟိုတယ်ဝန်ထမ်းများ၊ ဧည့်လမ်းညွှန်များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အသင်းအဖွဲ့များ၊ Bagan Plastic Campaign အဖွဲ့နှင့်အတူ အားလုံးပူးပေါင်းပါဝင်၍ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း သန့်ရှင်းသာယာလှပစေရန်နှင့် အမှိုက်သရိုက်ကင်းစင်ပပျောက်စေရန် ရည်ရွယ်၍ သီရိပစ္စယာဟိုတယ်လမ်းဆုံမှ စတင်၍ မနူဟာဘုရားအထိ စုပေါင်းအမှိုက်ကောက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှု အားပေးသည်။ အဆိုပါ Bagan Plastic Campaign အဖွဲ့သည် အပတ်စဉ် စနေနေ့ နံနက်တိုင်း စုပေါင်းအမှိုက်ကောက်လျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

## ကျိုင်းတုံမြို့၌ မြန်မာ - ထိုင်းနှစ်နိုင်ငံ ခရီးသွားလုပ်ငန်းနှင့် ကုန်စည်စီးဆင်းမှု လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေး

**ကျိုင်းတုံ ဩဂုတ် ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ မြန်မာ - ထိုင်းနှစ်နိုင်ငံ ခရီးသွားလုပ်ငန်းနှင့် ကုန်စည်စီးဆင်းမှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၃ ရက်က ကျိုင်းတုံမြို့ ပြည်နယ်အစိုးရရိပ်သာ၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E Mr Mongkol Visitstump ဦးဆောင်သောအဖွဲ့နှင့် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦး ဦးဆောင်သောအဖွဲ့တို့က နှစ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် မြန်မာ-ထိုင်း နယ်စပ်တာချီလိတ်ချစ်ကြည်ရေးတံတားဂိတ်မှ တာချီလိတ်- ကျိုင်းတုံ- တောင်ကြီး- မိတ္ထီလာ-မန္တလေး လမ်းကြောင်းများတွင် ကုန်စည်စီးဆင်းမှုဆောင်ရွက်နိုင်ရေးနှင့် ခရီးသွားလုပ်ငန်းများ တိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေး စသည့်ကိစ္စရပ်များ ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ ကျိုင်းတုံလေဆိပ်နှင့် ကျိုင်းတုံ - တောင်ကြီးလမ်းတွင် ကုန်စည်ပို့ဆောင်မှုအခြေအနေများ သွားရောက်ကြည့်ရှုခဲ့ကြောင်းသိရသည်။



**အောင်ဇင်မြင့်**

**(ပြန်/ဆက်)**

---

## သစ်တောသယံဇာတ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၂၄** - သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း၏ (၁၆) ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဩဂုတ် ၂၃ ရက်က ဗဟန်းမြို့နယ်ရှိ Royal Garden Restaurant ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက အမှာစကားပြောကြားသည်။ ထို့နောက်အသင်းဥက္ကဋ္ဌ ဦးစန်းလွင်က အမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူး ဦးစွန်ထွေးက ၂၀၁၈ - ၂၀၁၉ မှ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ခြောက်နှစ်တာကာလအတွင်း အသင်း၏လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အသင်းသားများ၏ မေးမြန်းချက်များကို ဒုတိယဥက္ကဋ္ဌ ဦးမြဝင်းက ရှင်းလင်းဖြေကြားပြီး အသင်းနာယက ဦးတင်လတ်က ၂၀၂၄ ခုနှစ် ဩဂုတ်လမှ ၂၀၂၇ ခုနှစ်ဇူလိုင်လအထိ သုံးနှစ်တာ ကာလတာဝန်ထမ်းဆောင်ကြမည့် ဗဟိုကော်မတီဝင် ၁၇ ဦးတို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။ ယင်းနောက် အသင်းအတွက် အလှူငွေများလှူဒါန်းကြသည့်ကုမ္ပဏီများ၊ အဖွဲ့အစည်းများကို အသင်းအတွင်းရေးမှူး ဦးစွန်ထွေးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။**မျိုးမင်းသူရ**



# ကြက်ဥအယောင် တိမ်တောင်သဖွယ် မင်းရေးကျယ် (ရှုပ်ထွေးလာသည့် ရုရှား - ယူကရိန်း စစ်ပွဲ)

Photo– Sputnik

◇◇◇◇◇◇◇◇◇◇◇◇◇◇ ကိုကိုလှိုင် ◇◇◇◇◇◇◇◇◇◇◇◇◇◇

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလက စတင်ဖြစ်ပွားခဲ့သည့် ရုရှား-ယူကရိန်းစစ်ပွဲမှာ ယခုအခါ နှစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုကာလအတွင်း စစ်ပွဲရေချိန်မှာလည်း အနိမ့်အမြင့်၊ အတက်အကျ၊ အပြောင်းအလဲ များစွာရှိခဲ့လေသည်။ ၂၀၂၄ ခုနှစ် အတွင်း ဝင်ရောက်လာသောအခါ၌မူ ရေရှည်၌ ခံနိုင်ရည်ရှိသူက အကဲသာစမြဲ ဖြစ်သည့်အတိုင်း ရုရှားဘက်မှ အသာစီးရလာခဲ့သည်။ ဒနီပရိုမြစ်၏ အရှေ့ဘက်ကမ်းမှ ရုရှားနွယ်ဖွားဒေသများကို သိမ်းသွင်းထားနိုင်ခဲ့သော ရုရှားနိုင်ငံသည် ပထမကမ္ဘာစစ်ပုံစံ ခံစစ်တူးမြောင်းများဖြင့် ခံစစ်သေဆင်နွှဲနေရာမှ GPS ပဲ့ထိန်းစနစ်တပ် ရောမပေါက်ကွဲအားပြင်း ဗုံးကြီးများ၊ စစ်သည်တစ်ဦးချင်း ထိန်းချုပ်သည့် အသေခံ FPV ဒရုန်းဗုံးများကို တွင်တွင်ကျယ်ကျယ်အသုံးပြုကာ ယူကရိန်းတပ်များကို အထိနာအောင် တိုက်ခိုက်၍ ရှေ့သို့တိုးကာ ထိုးစစ်ဆင်လာနိုင်ခဲ့သည်။ ထိုကာလတွင် အမေရိကန်နိုင်ငံမှ ယူကရိန်းကိုပေးအပ်မည့် အကူအညီများမှာလည်း နိုင်ငံရေးအဟန့်အတားများကြောင့် မရောက်လာနိုင်သေးသည့် အချိန်ဖြစ်၍ ယူကရိန်းတို့ များစွာအကျပ်အတည်း ဆိုက်ခဲ့ရသည်။ ကမ္ဘာတစ်ဝန်းမှ လေ့လာသူများကလည်း ယူကရိန်း၏နောက်ဆုံးနေ့များမှာ မဝေးတော့ပြီဟု ခန့်မှန်းခဲ့ကြသည်။ ယူကရိန်းသမ္မတ ဇဲလန်းစကီးကိုယ်တိုင်ပင်လျှင် G7အစည်းအဝေး၊ စင်ကာပူရှန်ဂရီလာ ကာကွယ်ရေးနှီးနှောဖလှယ်ပွဲ စသည့်နိုင်ငံတကာအစည်းအဝေးများသို့ သွားရောက်ကာ နိုင်ငံတကာအကူအညီများ ရှာဖွေခဲ့ရသလို ယူကရိန်းငြိမ်းချမ်းရေးဆိုင်ရာ နိုင်ငံတကာ ထိပ်သီးဆွေးနွေးပွဲတစ်ရပ်ကို အပြေးအလွှား စီစဉ်ခဲ့သော်လည်း တရုတ်၊ အိန္ဒိယနှင့် နိုင်ငံကြီးအများအပြားက တက်ရောက်ရန် စိတ်ဝင်စားခဲ့ခြင်းမရှိသဖြင့် မအောင်မြင်ခဲ့ပေ။

ဤသို့ ယူကရိန်းတို့ အခြေယိုင်နဲ့နေချိန်တွင် ဩဂုတ်လ ၆ ရက်နေ့က ယူကရိန်း တင့်နှင့် သံချပ်ကာတပ်ဖွဲ့များ ရုရှားနယ်စပ်မျဉ်းကို ဖြတ်ကျော်၍ မမျှော်လင့်ဘဲ ရုရှားနိုင်ငံ ကတ်စ်ဒေသအတွင်း ဝင်ရောက်ကာ နယ်မြေအနည်းငယ်ကို သိမ်းပိုက်လိုက်သောအခါ တစ်ကမ္ဘာလုံးအတွက် အံ့အားသင့်ဖွယ် ဖြစ်ခဲ့ရသည်။ ယူကရိန်းတို့က နယ်မြေသိမ်းပိုက်နိုင်ရုံမျှမက အင်္ဂါကြိုက်မိကာ ကြက်သေသေသွားကြသော ရုရှားတပ်ဖွဲ့ဝင်အချို့ကိုပင် အရှင်ဖမ်းကာ ဗီဒီယိုရိုက်ကူး၍ ထုတ်လွှင့်ပြသလိုက်သောအခါ အနောက်မီဒီယာအများအပြားက "ကိုးလိယက် လူ့ဘီလူးကြီး" ရုရှားကို "နွားကျောင်းသားဒေဗစ်" ယူကရိန်းက လေးခွဖြင့်ထု၍ အနိုင်ယူလိုက်လေပြီဟု သောင်းသောင်းဖြဖြ ဩဘာပေးခဲ့ကြသည်။

အမှန်တကယ်တွင်မူ ယူကရိန်းတပ်ဖွဲ့များက ရုရှားနိုင်ငံအတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်သောအကွာအဝေးမှာ မိုင် ၂၀ ခန့်သာဖြစ်ပြီး စုစုပေါင်းသိမ်းပိုက်ထားနိုင်သောနယ်မြေမှာလည်း စတုရန်းကီလိုမီတာ ၁၂၅၀ (စတုရန်းမိုင် ၄၈၀ ခန့်)သာဖြစ်၏။ ရုရှားနိုင်ငံတစ်ခုလုံး၏ ဧရိယာ စတုရန်းကီလိုမီတာ ၁၇ သန်းနှင့်ဆိုပါက ၀ ဒသမ ၀၀၇၃ ရာခိုင်နှုန်းမျှသာရှိ၏။ သို့သော်လည်း ထိုသို့ စာမဖွဲ့လောက်သော သိမ်းပိုက်မှုသည်ပင်လျှင် ကမ္ဘာ့နိုင်ငံရေး၌ အဓိပ္ပာယ်များစွာ ဖော်ဆောင်နေသော ကိစ္စတစ်ရပ်ဖြစ်လာသည်။

ပထမဦးစွာ စိတ်ဝင်စားဖွယ်ကောင်းသော အချက်တစ်ရပ်မှာ ရုရှားနှင့် နှိုင်းစာလျှင် စစ်အင်အားအဆမတန် ကွာဟနေပါလျက်၊ ဒနီပရိုမြစ်ကြောင်းတစ်လျှောက် ရှည်လျားသော စစ်မျက်နှာတွင်လည်း အရေးမလှ ဖြစ်နေပါလျက် အဘယ်ကြောင့် ယူကရိန်းက အရဲကိုးကာ အလျော်အစားကြီးမားလှသည့် တန်ပြန်တိုက်စစ်ကို ဆင်နွှဲရပါသနည်းဟူသော မေးခွန်းဖြစ်၏။

ယူကရိန်းသမ္မတ ဇဲလန်းစကီးက ကတ်စ်ဒေသမှနေ၍ ရုရှားအမြောက်များက ယူကရိန်းဘက်သို့ အဆက်မပြတ် ပစ်ခတ်နေသောကြောင့် (မိမိကိုယ်ကိုယ် ကာကွယ်သည့်သဘောဖြင့်) ဝင်ရောက်ထိုးဖောက် တိုက်ခိုက်ရပါသည်ဟု ပထမပိုင်းတွင် ပြောကြားခဲ့၏။ နောက်ပိုင်းတွင်မူ ရုရှားပိုင်နယ်တွင် ကြားခံနယ်မြေတစ်ခု တည်ထောင်လိုသောကြောင့် ဝင်ရောက်သိမ်းပိုက်ခဲ့ရသည် ဆိုသည်။

ရုရှားသမ္မတ ပူတင်ကမူ ယူကရိန်းအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် တန်းတူရည်တူ အပေးအယူပြုလုပ်နိုင်ရန်အတွက် နယ်မြေအလဲအထပ်လုပ်နိုင်မည့် သိမ်းပိုက်နယ်မြေတစ်ခု ဖန်တီးရယူလိုခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုကဲ့သို့ နှစ်ဖက်ခေါင်းဆောင်များ ဖော်ထုတ်လာသည့် အချက်အားလုံးမှာ သူ့ဘက်ကိုယ့်ဘက် အမြင်အရ မှန်ကန်နေကြသည်ဟု ဆိုနိုင်သော်လည်း နောက်ကွယ်၌ ပိုမိုနက်ရှိုင်းသော အကြောင်းရင်းများ ရှိနိုင်သည်ဟု မှန်းဆမိပါသည်။

ထင်သာမြင်သာရှိသော ပထမအကြောင်းရင်းမှာ ယူကရိန်းသမ္မတ ဇဲလန်းစကီးအတွက် သူစတင်ခဲ့သော ဓာတ်လမ်းကို ဆုံးခန်းတိုင် ကနိုင်ရန်မှာ ပြည်သူလူထု၏ စစ်ပွဲအပေါ် ထောက်ခံမှု၊ သူ့အပေါ် ထောက်ခံမှု မြှင့်တင်ပေးရန် အရေးတကြီး လိုအပ်လာမှုဖြစ်၏။ ရုရှားနိုင်ငံက ၂၀၂၂ ခုနှစ် စစ်ပွဲအစတွင် အင်အားအလုံးအရင်းဖြင့် ထိုးစစ်ဆင်လာချိန်၌ အနောက်အင်အားကြီးနိုင်ငံများက ဇဲလန်းစကီးကို အင်အားမမျှသည့်အတွက် နိုင်ငံမှ ထွက်ခွာရှောင်တိမ်းကာ ဥရောပတွင် အဝေးရောက် အစိုးရဖွဲ့ရန် တိုက်တွန်းခဲ့ကြသည်။ သို့သော် ဇဲလန်းစကီးက ခေါင်းမာစွာ ဆန့်ကျင်ရပ်တည်ကာ ယူကရိန်းမှ လုံးဝထွက်ခွာ အရှုံးပေးမည်မဟုတ်ကြောင်း ရဲရဲတောက်ကြေညာခဲ့သည်။ ယူကရိန်းပြည်သူ ၉၀ ရာခိုင်နှုန်းကလည်း မျိုးချစ်စိတ်ဖြင့် ဇဲလန်းစကီးကို အပြည့်အဝထောက်ခံခဲ့ကြပြီး စစ်သုံးတီရှပ်လက်တိုကို ဝတ်ဆင်၍ စစ်ပွဲကို ကွပ်ကဲနေသော ဇဲလန်းစကီး၏စတိုင်မှာ ကမ္ဘာသိအမှတ်တံဆိပ်တစ်ခုသဖွယ် ဖြစ်ခဲ့ရသည်။

စစ်ပွဲကာလကြာရှည်၍ စစ်အီစစ်ပန်းလာသောအခါ ယူကရိန်းပြည်သူလူထု၏ သဘောထားမှာလည်း ပြောင်း၍လာခဲ့သည်။ ယခုအခါ ဇဲလန်းစကီးကို အပြည့်အဝထောက်ခံသူမှာ ၂၂ ရာခိုင်နှုန်းသာ ကျန်ရှိတော့သည်။ ယူကရိန်းပြည်သူအများစုက အသက်အိုးအိမ်ပိုင်ဆိုင်မှုများ စစ်ကြောင့် ပျက်စီးရမှု၊ မိသားစုများ သေကွဲ သို့မဟုတ် ရှင်ကွဲ ကွဲရမှုတို့ ကြုံရဖန်များလာသောအခါ၊ နိုင်ပွဲထက် ရှုံးနိမ့်ရမှုများက များလာသောအခါ မျှော်လင့်ချက်တို့ မှေးမှိန်လာကာ "ဆုံးရှုံးထားသောနယ်မြေအားလုံး ပြန်မရမချင်း စစ်ဆက်တိုက်မည်"ဟု ကြွေးကြော်ထားသော ဇဲလန်းစကီးအပေါ် ထောက်ခံမှု သိသိသာသာ ကျဆင်းသွားခဲ့သည်။ ယူကရိန်း တပ်မတော်အတွင်း၌လည်း လူ၊ လက်နက်ပစ္စည်းများ ထည့်မလောက်၊ ဖြည့်မလောက် အဆုံးအရှုံးများနေသောအခါ တိုက်ပွဲဝင်စိတ်ဓာတ်များ ပျက်ပြားလာနေသည်။ ဇဲလန်းစကီး၏ သမ္မတသက်တမ်းမှာလည်း ၂၀၂၄ ခုနှစ် မေလတွင်ကုန်ဆုံးသွားခဲ့ပြီဖြစ်ပြီး လွှတ်တော်၏ ခွင့်ပြုချက်ဖြင့် စစ်ပွဲကာလတွင် ရွေးကောက်ပွဲအသစ်မကျင်းပဘဲ သမ္မတဆက်လုပ်နေရခြင်း ဖြစ်သည်။ ထို့ကြောင့် ပြည်သူလူထု၏ထောက်ခံမှုနှင့် တစ်နိုင်ငံလုံး စိတ်ဓာတ်ပြန်လည် မြှင့်တင်နိုင်မှုတို့အတွက် သေးငယ်သော ကန့်သတ်အောင်မြင်မှုဖြစ်စေ အောင်ပွဲတစ်ခုကိုတော့ မဖြစ်မနေရယူရန် အခြေအနေက တွန်းအားပေးနေခြင်း ဖြစ်လေသည်။

**❍ အမှန်တကယ်လက်တွေ့၌ နေတိုးနိုင်ငံများအားလုံးလိုလိုက ယူကရိန်းစစ်တွင် နက်နက်ရှိုင်းရှိုင်း ပါဝင်လိုမှုမရှိသကဲ့သို့ မိမိအိတ်ကစိုက်၍ ထိထိရောက်ရောက် ကူညီပေးဖွယ်လည်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် ယင်းတို့၏ ပြည်တွင်းနိုင်ငံရေးအခြေအနေ ရှုပ်ထွေးနေသည့် ပြဿနာများကို ရင်ဆိုင်နေကြရသောကြောင့်ဖြစ်၏။ အမေရိကန်တွင် သမိုင်းတစ်လျှောက် အပြင်းထန်ဆုံးသမ္မတနေရာ ယှဉ်ပြိုင်ရမှု ဖြစ်ပွားနေသည်။ ဗြိတိန်၌ ပြည်တွင်းစစ်ဖြစ်နေပြီဟုပင် ဝေဖန်ခံရလောက်အောင် လူအုပ်စုပဋိပက္ခအဓိကရုဏ်းများ ဖြစ်နေသည်။ ပြင်သစ်အပါအဝင် ဥရောပနိုင်ငံများ၌ ယူကရိန်းစစ်ကို ထောက်ခံသည့် လစ်ဘရယ်ပါတီများနေရာတွင် မိမိနိုင်ငံရေးကိုသာ ပိုမိုဦးစားပေးမည့် အမျိုးသားရေးဝါဒီများက ပိုမိုအားကောင်းလာမှုနှင့် ကြုံတွေ့နေရသည်။ ထို့ထက်ပို၍ အရေးကြီးသည်မှာ ယူကရိန်းကို မပြီးနိုင်မစီးနိုင် ဝိုင်းဝန်းထောက်ပံ့ပေးရမှုကြောင့် ဥရောပနိုင်ငံများသည် ခြေကုန်လက်ပန်း ကျလာခြင်းဖြစ်**

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

### အနောက်အုပ်စုနိုင်ငံများက လက်နက်ခဲယမ်းနှင့် ငွေကြေးမှအစ ကူညီထောက်ပံ့နေရခြင်းဖြစ်

ထိုသို့ ပြည်တွင်းနိုင်ငံရေး အကြောင်းတရားအပြင် ယူကရိန်းအတွက် ပြည်ပအကြောင်းတရားကလည်း အရေးပါသည်။ ယူကရိန်းတို့၏ စစ်ဆက်တိုက်နိုင်စေရန် အနောက်အုပ်စုနိုင်ငံများက လက်နက်ခဲယမ်းနှင့် ငွေကြေးမှအစ ကူညီထောက်ပံ့နေရခြင်းဖြစ်ပြီး အဓိကအားဖြင့် ကမ္ဘာ့မဟာအင်အားကြီး အမေရိကန်၏ ထောက်ပံ့အားပေးမှုက အရေးအပါဆုံးဖြစ်သည်။ သို့ဖြစ်ရာ အမေရိကန်တို့၏ ထောက်ပံ့အားပေးမှု ရပ်ဆိုင်းမသွားစေရန်မှာ ယူကရိန်းအတွက် အသက်တမျှ အရေးကြီးသော အကျိုးစီးပွားဖြစ်လာသည်။

ပြဿနာမှာ လာမည့် နိုဝင်ဘာလ၌ကျင်းပမည့် အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ ရီပတ်ဘလစ်ကန်ပါတီမှ ဒေါ်နယ်ထရမ့်သာနိုင်ပါက ယူကရိန်းကို ထောက်ပံ့မှုများ ရပ်ဆိုင်းပစ်မည်ဟု ကြွေးကြော်ထားခြင်းဖြစ်၏။ ထို့ကြောင့် ယူကရိန်းစစ်ပွဲကို ဆက်လက်ထောက်ခံအားပေးမည့် ဒီမိုကရက်ပါတီ အနိုင်ရရှိရေးမှာလည်း ယူကရိန်းအတွက် မဖြစ်မနေ လိုအပ်လာပြန်သည်။ ဤတွင် နောက်ထပ်ပြဿနာတစ်ခုမှာ ဒီမိုကရက်ဘက်မှ လက်ရှိသမ္မတ ဘိုင်ဒင်သည် ဇူလိုင်လ စကားစစ်ထိုးပွဲ၌ အခြေမလှဖြစ်သွားခဲ့မှုနှင့် မရေးမနှောင်း၌ ရီပတ်ဘလစ်ကန်ဘက်မှ သမ္မတလောင်းထရမ့် လုပ်ကြံခံရမှုမှ သီသီကလေး လွတ်မြောက်ခဲ့ပြီး လူထုထောက်ခံမှု တစ်ဟုန်ထိုး တက်သွားမှုတို့ တိုက်တိုက်ဆိုင်ဆိုင် ပေါ်ပေါက်လာခြင်းဖြစ်လေသည်။ ဤတွင် ဒီမိုကရက်တစ် ကြိုးကိုင်များက ဘိုင်ဒင်ကို ဇူလိုင်လနှောင်းပိုင်း၌ ရွေးကောက်ပွဲယှဉ်ပြိုင်မှုမှ အတင်းအကျပ် ဖိအားပေးထွက်ခွာစေခဲ့ပြီး ယင်းအစား ဒုတိယသမ္မတ ကာမလာဟဲရစ်ကို ရွေးချယ်လျာထားခဲ့သည်။ နောက်တစ်ဖန် စိန်ခေါ်မှုတစ်ခုမှာ ဒုတိယသမ္မတ ကာမလာဟဲရစ်အနေဖြင့် ဥပဒေပညာရှင်ဖြစ်၍ တရားဥပဒေဆိုင်ရာ ကျွမ်းကျင်သော်လည်း နိုင်ငံရေးနှင့် နိုင်ငံတကာရေးရာကိစ္စများ၌ ကျွမ်းကျင်မှု လိုအပ်နေသေးသည်ဟု လူအများက ရှုမြင်နေကြခြင်းဖြစ်၏။ ထို့ကြောင့် ကာမလာဟဲရစ်ကို ရွေးကောက်ပွဲစင်မြင့်ထက်တွင် ဆွဲတင်ပေးနိုင်ရန် ဒီမိုကရက်တို့ဘက်မှ အခြေအနေကောင်းများကို ဖန်တီးပေးရန် လိုအပ်လာပြန်သည်။ ဤတွင် ဒီမိုကရက်တစ်တို့၏ အရေးပါသော နိုင်ငံရေးမူဝါဒသဘောထားဖြစ်သည့် ယူကရိန်းတို့ ခြေကုပ်ရစေပြုချိန်၌ အမေရိကန်တွင် ဒီမိုကရက် ပြည်လုံးကျွတ်ညီလာခံ၌ ကာမလာဟဲရစ်ကို သမ္မတဟောင်း အိုဘားမား၊ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်တို့က ချီးမွမ်းထောမနာပြုကာ ဒီမိုကရက်ပါတီ သမ္မတလောင်းအဖြစ် စင်တင်ပေးနေခြင်းမှာ ရှေ့ထွက်မင်းသမီးကို ခေါင်းဆောင်မင်းသမီးအဖြစ် ပွဲထုတ်နိုင်ရန် သမ္ဘာရင့် မင်းသမီး၊ လူရွှင်တော်ကြီးများက ပရိသတ်အား မိတ်ဆက်ပေးနေခြင်းနှင့် တူလှသည်။ မည်သို့ပင်ဖြစ်စေ ရုရှား-ယူကရိန်းစစ်ပွဲအခြေအနေကောင်းလျှင် ဒီမိုကရက်ပါတီလည်း ရွေးကောက်ပွဲ၌ အခြေအနေကောင်းမည်။ ဒီမိုကရက်ပါတီ အမေရိကန်ရွေးကောက်ပွဲနိုင်မှလည်း ဇဲလန်းစကီးက ယူကရိန်းစစ်ပွဲကို ရှေ့ဆက်တိုက်နိုင်မည်။ ဤသို့လျှင် အပြန်အလှန် မှီခိုလျက်ရှိကြသည်။

ဤသို့ဖြင့် အမေရိကန်က ယူကရိန်းကို ဒေါ်လာဘီလီယံ ၆၀ ထောက်ပံ့ကူညီရန် ဧပြီလတွင် လွှတ်တော်က သဘောတူခဲ့ပြီးနောက် ပထမဆုံးအသုတ်အဖြစ် အက်ဖ် ၁၆ တိုက်လေယာဉ်များနှင့် အခြားလက်နက်ခဲယမ်းများ ယူကရိန်းသို့ ရောက်ရှိလာချိန်တွင် တန်ပြန်တိုက်စစ် စတင်ခဲ့ခြင်းဖြစ်သည်။ ဤလက်နက်ခဲယမ်းပစ္စည်းများသည် စစ်ပွဲအတွက်

> **■ မကြာမီကမှ ရုရှားသို့သွား၍ ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံခဲ့သော အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ယခုအခါ ယူကရိန်းသို့ ရောက်ရှိကာ သမ္မတ ဇဲလန်းစကီးနှင့် တွေ့ဆုံဆွေးနွေးနေခြင်းမှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။ တစ်ချိန်တည်းမှာပင် ယူကရိန်းစစ်ပွဲ အပစ်အခတ်ရပ်စဲရေး အဆိုပြုချက် ၁၂ ချက်ကို ဖော်ထုတ်တင်ပြခဲ့သည့် တရုတ်နိုင်ငံမှ ဝန်ကြီးချုပ် လီကျင်းကလည်း ရုရှားသို့ သွားရောက်၍ သမ္မတပူတင်နှင့် တွေ့ဆုံနေသည်မှာ ထူးခြားနေပြန်သည်။ ဤအနေအထားအရ ရုရှား-ယူကရိန်း အရေးအခင်းတွင် တတိယအုပ်စုအဖြစ် ထွန်းသစ်စ အင်အားကြီးနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် တရုတ်တို့က ကြားဝင်စေ့စပ်သူများအဖြစ် ပါဝင်လာနိုင်ဖွယ်ရှိကြောင်း သုံးသပ်ရ**

အလှည့်အပြောင်းဖြစ်နိုင်မည်လောဟု စဉ်းစားဖွယ်ဖြစ်လာပြန်သည်။ ယေဘုယျအားဖြင့် သုံးသပ်ကြည့်ပါမူ ရုရှားနိုင်ငံက ယူကရိန်းစစ်မျက်နှာ၌ပင် ကြည်းတပ်အင်အား၌ ယူကရိန်းထက် နှစ်ဆသာသည်။ လေတပ်အင်အား၌ ဆယ်ဆသာသည်။ တင့်နှင့် သံချပ်ကာ အင်အား၌ ငါးဆသာသည်။ အဏုမြူမဟာဗျူဟာလက်နက်အင်အား၌ လုံးလုံးလျားလျား သာသည်။ ထို့ကြောင့် မည်သို့ပင် တွက်စေကာမူ ယူကရိန်းဘက်က အခြေမလှနိုင်ဟူသော အဖြေကထွက်နေမည်ဖြစ်၏။

သို့ရာတွင် ဤသေးငယ်သော နေရာကလေးသည်ပင် ဂရိဒဏ္ဍာရီမှ လူစွမ်းကောင်း အာခိလီစ်၏ ခြေဖနောင့်ကဲ့သို့ အထိမခံနိုင်သော မြုပ်ကွက်များ ရှိနေလေသလောဟု ဆန်းစစ်ကြည့်ပါက စိတ်ဝင်စားဖွယ် အချက်အချို့ကို တွေ့ရနိုင်ပေသည်။

ပထမအချက်မှာ စစ်ရေးနှင့် ပတ်သက်သည်။ ကတ်စ်ဒေသသည် ရုရှားနိုင်ငံ၏ မြို့တော် မော်စကိုမှ မိုင် ၃၀၀ ကျော်မျှသာ ကွာဝေးသည်။ အမေရိကန်နှင့် မဟာမိတ်တို့က လောလောလတ်လတ် ပေးပို့ခဲ့သော အက်ဖ် ၁၆ တိုက်လေယာဉ်တွင် တပ်ဆင်နိုင်ဖွယ်ရှိသည့် JASSM ပဲ့ထိန်းတပ် ဝေဟင်မှ မြေပြင်ပစ်ဒုံးပျံသည် ပေါင် ၁၀၀၀ ထိပ်ဖူးကို သယ်ဆောင်ပြီး မိုင် ၃၃၀ အထိ ပစ်ခတ်နိုင်စွမ်းရှိရာ ကတ်စ်ဒေသ ဝေဟင်ပေါ်မှနေ၍ မော်စကိုအထိ ရောက်ရှိအောင် ပစ်ခတ်တိုက်ခိုက်နိုင်စွမ်း ရှိလာမည်ဖြစ်သည်။

ဒုတိယအချက်မှာ ဓာတ်ငွေ့ပိုက်လိုင်းနှင့် ပတ်သက်သည်။ ယူကရိန်းတို့ သိမ်းပိုက်ခဲ့သည့် နယ်မြေတွင် ရုရှားမှ ယူကရိန်းနိုင်ငံကို ဖြတ်၍ ဩစတြီးယားနှင့် အရှေ့ဥရောပနိုင်ငံများသို့ ဓာတ်ငွေ့တင်ပို့သည့်ပိုက်လိုင်းမှ ဓာတ်ငွေ့ပို့လွှတ်မှု ပမာဏတိုင်းတာသည့် စခန်းရှိသည်။ ထိုစခန်းမှာ ရေနံနှင့် ဓာတ်ငွေ့တင်ပို့မှုမှ ရသည့်ဝင်ငွေကို အားပြုနေရသည့် ရုရှားစီးပွားရေးအတွက် အရေးပါပြီး ယခုသော် ယူကရိန်းတို့က တိုက်ခိုက်ဖျက်ဆီးပစ်လိုက်ပြီ ဖြစ်သည်။

တတိယအချက်မှာ အဏုမြူဓာတ်အားပေးစက်ရုံများတွင်ဖြစ်သည်။ ယူကရိန်း သိမ်းပိုက်နယ်မြေနှင့် မလှမ်းမကမ်းတွင် ရုရှားနိုင်ငံ၌ အကြီးဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံရှိနေရာ ထိုစက်ရုံကို ယူကရိန်းတို့က အချိန်မရွေး ဒုက္ခပေးနိုင်သည်။ ထိုစက်ရုံ၌ နျူကလီးယားယိုစိမ့်မှုဖြစ်ခဲ့လျှင် အနီးပတ်ဝန်းကျင်တစ်ဝိုက် ရေဒီယိုသတ္တိကြွမှု အဆိပ်သင့်၍ လူသတ္တဝါနှင့် သဘာဝပတ်ဝန်းကျင်ပါ ဒုက္ခများကာ ချာနိုဘိုင်းကပ်ဘေးသဖွယ် ဖြစ်သွားနိုင်သည်။ များမကြာမီကပင် ဒနီပရိမြစ်ကမ်းရှိ ရုရှားသိမ်းပိုက်နယ်မြေမှ ဇာပိုရစ်ဇီးယားမြို့ရှိ နျူကလီးယားစက်ရုံ၏ အအေးခံတာဝါတစ်ခုကို ယူကရိန်းတို့က ဒရုန်းဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် ပြဿနာဖြစ်စပြုနေသည်။ သို့ဖြစ်ရာ ဤကိစ္စမှာ ရုရှားအတွက် အထူးသတိထားရမည့် နျူကလီးယားအကျပ်ကိုင်မှု၊ Nuclear Blackmail ဖြစ်လာနိုင်ခြေရှိနေသည်။

### နှစ်ဖက်စစ်ရေးတင်းမာမှုများမှာ တိုးမြင့်သည်ထက် တိုးမြင့်လာ

သို့ဖြစ်ရာ ပူတင်အနေဖြင့် ကတ်စ်ဒေသတန်ပြန်ထိုးစစ်ကို အတန်ပင် စဉ်းစားချိန်ဆနေရဟန်ရှိသည်။ သို့ရာတွင် အခြားတစ်ဖက်မှ ဖိအားပေးသည့်အနေဖြင့် ဒွန်နက်စ်ဒေသမှ ရုရှားတပ်ဖွဲ့များကို ရှေ့တိုးချီတက်၍ ယူကရိန်းစခန်းများအား တိုက်ခိုက်သိမ်းပိုက်စေခဲ့သလို ကိဗ်မြို့တော်ကိုလည်း ဒုံးပျံများဖြင့် အပြင်းအထန် ပစ်ခတ်စေခဲ့သည်။ ယူကရိန်းဘက်ကလည်း ဒရုန်းများကို အုပ်လိုက်အသုံးပြုကာ မော်စကိုတစ်ဝိုက်အထိ သွားရောက်တိုက်ခိုက်စေခြင်းများ တွေ့ရသကဲ့သို့ ရုရှားတောင်ပိုင်း ကရိုင်းမီးယားကျွန်းဆွယ်အနီးရှိ ကရာစနိုဒါဆိပ်ကမ်းတွင် လောင်စာဆီတင် ကူးတို့သင်္ဘောတစ်စင်းကို ဒုံးပျံဖြင့် ပစ်ခတ်ဖျက်ဆီးမှုစသည်ဖြင့် ရုရှားနယ်မြေအတွင်းပိုင်းသို့ ဦးတည်တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သည်ကို တွေ့မြင်လာရသည်။ ဤသို့ဖြင့် နှစ်ဖက်စစ်ရေးတင်းမာမှုများမှာ တိုးမြင့်သည်ထက် တိုးမြင့်လာသည်ကို တွေ့မြင်ရသည်။

ထိုသို့ တင်းမာမှုများ မြင့်တက်လာသည်နှင့်အမျှ နိုင်ငံငယ်ကလေးဖြစ်သော ယူကရိန်းအတွက် မဟာဗျူဟာ ကျောထောက်နောက်ခံ ပိုမိုလိုအပ်လာသည်။ အနီးကပ်ဆုံး ကျောထောက်နောက်ခံမှာ အမေရိကန်နှင့် ဥရောပနိုင်ငံများပါဝင်သော နေတိုးစစ်စာချုပ်အဖွဲ့ဖြစ်သည်။ ဇူလိုင်လဆန်းပိုင်းက ကျင်းပခဲ့သော နေတိုးထိပ်သီးအစည်းအဝေးတွင် ယူကရိန်းကို အဖွဲ့ဝင်အဖြစ် လက်ခံမည့် ကတိကဝတ်ကို ပေးခဲ့သည်။ သို့သော် ရုရှားနှင့် ဖြစ်ပွားနေသည့် စစ်ပွဲပြီးသည့်အချိန်ကျမှ ဝင်ရောက်ခွင့်ပြုမည်ဟုဆိုသည်။ ဆိုလိုသည်မှာ ယခုအချိန် ယူကရိန်းကို နေတိုးအဖွဲ့တွင်းသို့ ဝင်ခွင့်ပြုလိုက်လျှင် နေတိုးစာချုပ် ပုဒ်မ ၅ အရ ၃၂ နိုင်ငံ ပါဝင်သော နေတိုးအဖွဲ့နှင့် ရုရှားတို့ တရားဝင်စစ်ပွဲဆင်နွှဲကြကာ ကမ္ဘာစစ် အမှန်တကယ် ဖြစ်ပွားရလိမ့်မည်ဖြစ်သည်။ မည်သည့်နေတိုးနိုင်ငံကမျှ နျူကလီးယားလက်နက်ပိုင်ရှင် ရုရှားနှင့် စစ်မဖြစ်ပွားလိုကြပေ။

ထို့ကြောင့် ယူကရိန်းစစ်ပွဲတွင် တိုက်ရိုက်ပါဝင်မှုအစား အခြားနည်းလမ်းများဖြင့် ပါဝင်ကူညီကြသည်။ လက်နက်ခဲယမ်းများ ထောက်ပံ့သည်။ စစ်သင်တန်းများပေးသည်။ ထောက်လှမ်းရေးသတင်းများပေးသည်။ ယူကရိန်းတွင် နေတိုးကိုယ်စားလှယ်ရုံး ထူထောင်၍ စစ်ရေးစီမံမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုများကို ဆောင်ရွက်ပေးသည်။ ထရမ့် သမ္မတဖြစ်လာစေဦးတော့ ယူကရိန်းတို့ ငွေကြေးမပြတ်လပ်စေရန် ရုရှားဘဏ်အပ်ငွေ သိမ်းဆည်းထားသည့် ယူရို ဘီလီယံ ၃၀၀ ကို အပေါင်ထား၍ ယူကရိန်းကို ရေရှည်ချေးငွေ ယူရိုဘီလီယံ ၁၀၀ ထုတ်ပေးနိုင်ရေးလည်း လုံးပန်းနေကြသည်။

သို့ရာတွင် အမှန်တကယ်လက်တွေ့၌ နေတိုးနိုင်ငံများ အားလုံးလိုလိုက ယူကရိန်းစစ်တွင် နက်နက်ရှိုင်းရှိုင်း ပါဝင်လိုမှုမရှိသကဲ့သို့ မိမိအိတ်ကစိုက်၍ ထိထိရောက်ရောက် ကူညီပေးဖွယ်လည်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် ယင်းတို့၏ ပြည်တွင်းနိုင်ငံရေး အခြေအနေ ရှုပ်ထွေးနေသည့် ပြဿနာများကို ရင်ဆိုင်နေကြရသောကြောင့် ဖြစ်၏။ အမေရိကန်တွင် သမိုင်းတစ်လျှောက် အပြင်းထန်ဆုံးသမ္မတနေရာ ယှဉ်ပြိုင်ရမှု ဖြစ်ပွားနေသည်။ ဗြိတိန်၌ ပြည်တွင်းစစ်ဖြစ်နေပြီဟုပင် ဝေဖန်ခံရလောက်အောင် လူ့အုပ်စုပဋိပက္ခ အဓိကရုဏ်းများ ဖြစ်နေသည်။ ပြင်သစ်အပါအဝင် ဥရောပနိုင်ငံများ၌ ယူကရိန်းစစ်ကို ထောက်ခံသည့် လစ်ဘရယ်ပါတီများနေရာတွင် မိမိနိုင်ငံရေးကိုသာ ပိုမိုဦးစားပေးမည့် အမျိုးသားရေးဝါဒီများက ပိုမိုအားကောင်းလာမှုနှင့် ကြုံတွေ့နေရသည်။ ထို့ထက်ပို၍ အရေးကြီးသည်မှာ ယူကရိန်းကို မပြီးနိုင်မစီးနိုင် ဝိုင်းဝန်းထောက်ပံ့ပေးရမှုကြောင့် ဥရောပနိုင်ငံများသည် ခြေကုန်လက်ပန်းကျလာခြင်းဖြစ်၏။ ဂျာမနီနိုင်ငံဆိုလျှင် ဘတ်ဂျက်အခက်အခဲကြောင့်လည်းကောင်း၊ ဂျာမနီသို့ ပေးပို့သည့် ရုရှားပိုင် နော့စထရင်းမ် ဓာတ်ငွေ့ပိုက်လိုင်းကို ယူကရိန်းတို့ ဖောက်ခွဲခဲ့မှု ပေါ်ပေါက်လာသောကြောင့်လည်းကောင်း လာမည့် ၂၀၂၅ ခုနှစ်တွင် ယူကရိန်းအား ထောက်ပံ့မှုများကို ရပ်ဆိုင်းမည်ဟု ကြေညာခဲ့သည်။

ဤသို့ဖြင့် ဇဲလန်းစကီးကိုယ်တိုင်လည်း ဤအကျပ်အတည်းမှ အေးချမ်းစွာ ညှိနှိုင်းဖြေရှင်းနိုင်မည့်နည်းကို ရှာဖွေလာရတော့သည့် လက္ခဏာများ တွေ့လာရသည်။ မကြာမီကမှ ရုရှားသို့သွား၍ ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံခဲ့သော အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ယခုအခါ ယူကရိန်းသို့ရောက်ရှိကာ သမ္မတ ဇဲလန်းစကီးနှင့် တွေ့ဆုံဆွေးနွေးနေခြင်းမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ တစ်ချိန်တည်းမှာပင် ယူကရိန်းစစ်ပွဲ အပစ်အခတ်ရပ်စဲရေး အဆိုပြုချက် ၁၂ ချက်ကို ဖော်ထုတ်တင်ပြခဲ့သည့် တရုတ်နိုင်ငံမှ ဝန်ကြီးချုပ် လီကျင်းကလည်း ရုရှားသို့ သွားရောက်၍ သမ္မတပူတင်နှင့် တွေ့ဆုံနေသည်မှာ ထူးခြားနေပြန်သည်။ ဤအနေအထားအရ ရုရှား-ယူကရိန်း အရေးအခင်းတွင် တတိယအုပ်စုအဖြစ် ထွန်းသစ်စအင်အားကြီးနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် တရုတ်တို့က ကြားဝင်စေ့စပ်သူများအဖြစ် ပါဝင်လာနိုင်ဖွယ်ရှိကြောင်း သုံးသပ်ရပေသည်။

မည်သို့ပင်ဖြစ်စေ ခြုံ၍သုံးသပ်ကြည့်ပါက ရုရှားနိုင်ငံသည်လည်း ယူကရိန်းတစ်နိုင်ငံလုံးကို တိုက်ခိုက်သိမ်းပိုက်ရန် ရည်ရွယ်ချက်ရှိပုံမရ။ ထိုသို့သိမ်းပိုက်ရန် သမားရိုးကျ စစ်အင်အား၊ ဓနအင်အားတို့ကိုလည်း အစွမ်းကုန် ထုတ်သုံးရမည့်အရေးကိုလည်း တတ်နိုင်ဖွယ်မရှိ။ ထို့ကြောင့် ဖြစ်နိုင်သမျှ အနိုင်နှင့်ပိုင်း၍ ဤစစ်ကို ဖြတ်လိုသည့်ပုံပေါ်သည်။ အမေရိကန်နှင့် အနောက်အုပ်စု၏ ရုရှားကို စစ်နွံတွင် နစ်စေပြီး စီးပွားပါပျက်ကာ နာလန်မထူအောင် လုပ်မည့် စီမံကိန်းမှာလည်း ဖြစ်နိုင်ဖွယ်မရှိကြောင်း ထင်ရှားပေါ်လွင်လာပြီဖြစ်သည်။ ဥရောပအနေဖြင့်လည်း ယူကရိန်းပြီးလျှင် သူတို့အလှည့် လာလိမ့်မည်ဟူသော စိုးရိမ်မှုဖြင့် ကြိုကာရန် ယူကရိန်းကို ဝိုင်းစုထောက်ပံ့နေလိုသည့် နိုင်ငံရေးအုပ်စုနှင့် စစ်ပန်းနေသည့် လူထုတို့အကြား ကွာဟမှုကြီးမားလာနေသည့် အသွင်များကို တွေ့နေရသည်။ ဤအခြေအနေတွင် သမ္မတဇဲလန်းစကီး၏ စွန့်စားမှုကြီးမားသောကစားပွဲသည် မည်သည့် အကျိုးဆက်များ ဆောင်ကြဉ်းလာမည်ကို စိတ်ဝင်စားဖွယ် စောင့်ကြည့်ရန်သာရှိပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။ ။

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ငလိုက်ရေလှောင်တမံနှင့် ပေါင်းလောင်းရေလှောင်တမံ ကြံ့ခိုင်ရေး၊ ပေါင်းလောင်းရေပိုလွှဲတွင်တပ်ဆင်ထားသော HED (Hydraulic Elevator Dam) စမ်းသပ်မောင်းနှင်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ကျွဲရှင်းရွာအနီး တမံအလျား ပေ ၃၉၈၀၊ တမံအမြင့် ၈၂ ပေ အကျိုးပြုဧရိယာ ၁၇၇၈၄ ဧကရှိသည့် ငလိုက်ရေလှောင်တမံသို့ ရောက်ရှိစစ်ဆေးပြီး လက်ရှိရေသိုလှောင်ပမာဏ ၅၈၉၇၄ ဧကပေ သိုလှောင်ထားပြီး၍ မကြာမီရက်များအတွင်း ကန်ရေပြည့်အမှတ်သို့ ရောက်ရှိမည်ဖြစ်ရာ ကြိုတင်ဆောင်ရွက်ရမည့် ရေလှောင်တမံဘေးကင်းလုံခြုံရေးလုပ်ငန်းများ အထူးအလေးထား စီမံဆောင်ရွက်ရန်၊ ရေပိုလွှဲကြံ့ခိုင်မှုအခြေအနေနှင့် ရေပိုလွှဲမှ ရေစီးဆင်းနိုင်သည့် လမ်းကြောင်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေး ဆောင်ရွက်ရန်၊ ရေလှောင်တမံကြံ့ခိုင်မှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုစစ်ဆေးရန်၊ မိုးစပါးလျာထားဧကပြည့်စိုက်ပျိုးနိုင်ရေး၊ ဆောင်းသီးနှံနှင့် နွေစပါး/အခြား သီးနှံများ စိုက်စွမ်းအားပြည့် စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး စနစ်တကျစီမံဆောင်ရွက်ရန်ဆွေးနွေးမှာကြားသည်။



ထို့နောက် ငလိုက်ရေလှောင်တမံနှင့် ရေပိုလွှဲတို့၏ ကြံ့ခိုင်မှုအခြေအနေ၊ ရေထုတ်ပြွန်အခြေအနေ၊ ရေသိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေအရင်းအမြစ်များ အလေအလွင့်နည်းပါးပြီး ရေရှည်အကျိုးရှိစွာ အသုံးချနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ဇေယျာသီရိမြို့နယ် ပေါင်းလောင်းရေလှောင်တမံသို့ ရောက်ရှိပြီး တမံကြံ့ခိုင်ရေး၊ ရေပိုလွှဲကြံ့ခိုင်ရေး၊ မူလကန် ရေပြည့်ရေသိုလှောင်ပမာဏထက်ရေလှောင်ပမာဏ ၂၁၀၀၀ ဧကပေခန့် ပိုမိုသိုလှောင်ပြီး နှစ်စဉ်လျှပ်စစ်ယူနစ်ရှစ်သန်း ပိုမိုထုတ်လုပ်ရန် ရေပိုလွှဲတွင် တပ်ဆင်ထားသော HED (Hydraulic Elevator Dam) စမ်းသပ်မောင်းနှင်မှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်HED ရေတံခါးများ ဖွင့်ခြင်း၊ ပိတ်ခြင်းများကို စမ်းသပ်မောင်းနှင် ပြသရာ ဒုတိယဝန်ကြီးက တမံအတွင်း စီးဝင်ရေကို ဂရုစိုက်စောင့်ကြည့်၍ HED ရေတံခါးများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် ၊ HED ရေတံခါးနှင့် ဆက်စပ် ပစ္စည်းများ အမြဲကြံ့ခိုင်မှုစစ်ဆေးရန်၊ တမံကြံ့ခိုင်ရေးနှင့် လုံခြုံရေးတို့ကို စဉ်ဆက်မပြတ် သတိထားစောင့်ကြည့်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မျောက်ကျောက်ရောဂါ ဖြစ်ပွားကူးစက်မှုကာကွယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းသို့ မျောက်ကျောက်ရောဂါဖြစ်ပွားကူးစက်မှု ကာကွယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၃ နာရီက နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မျောက်ကျောက်ရောဂါကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က PHEIC အဖြစ် ပထမအကြိမ် ကြေညာခဲ့သည့် ၂၀၂၂ ခုနှစ် ဇူလိုင်လမှစ၍ WHO ၏ recommendations များအတိုင်း ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခု PHEIC အဖြစ် ထပ်မံ သတ်မှတ်ချိန်တွင်လည်း mpox ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်ထိန်းချုပ်ခြင်း အတွက်လုပ်ငန်းများကို အထူးအလေးထားပြီး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လူနာသစ်တွေ့ရှိမှုနှင့် အစုလိုက်ဖြစ်ပွားမှုများအား သတင်းပေးပို့ခြင်း၊ သံသယလူနာများကိုရောဂါဖြစ်ပွားကူးစက်မှုဆိုင်ရာ ရာဇဝင်များ သေချာစွာ မေးမြန်းစုံစမ်းပြီး သတ်မှတ်ထားသည့် case investigation form များ ဖြည့်စွက်ခြင်း၊ ရေကျောက်ရောဂါသံသယလက္ခဏာ ဖြစ်ပွားသူလူနာများထံမှ ခတ်ခွဲနမူနာရယူ၍ ရေကျောက်ရောဂါနှင့် မျောက်ကျောက်ရောဂါပိုး ရှိ/မရှိ စစ်ဆေးခြင်း၊ ပြည်သူလူထုနှင့် ဖြစ်ပွားနိုင်ခြေမြင့်မားသော အုပ်စုများတွင် ကျန်းမာရေးပညာပေးခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အား အပြည်ပြည်ဆိုင်ရာဝင်ထွက်ပေါက်များ အပါအဝင် နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။ (အောက်ဝဲပုံ)



ထို့နောက် နေပြည်တော် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်စိုးက မျောက်ကျောက်ရောဂါနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအေးအေးမာက မျောက်ကျောက်ရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်ထိန်းချုပ်ခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာကြသော ဆေးရုံအုပ်ကြီးများ၊ ဆေးရုံအုပ်များ၊ မြို့နယ် ကုသရေးဦးစီးဌာနမှူးများနှင့် ပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးတင်ပြရာ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ရှင်းလင်း ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ဟိန်းသူအောင်(ပြန်/ဆက်)

# ဇမ္ဗူသီရိမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွား

**ဇမ္ဗူသီရိ ဩဂုတ် ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ယမန်နေ့ ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘောဂသိဒ္ဓိရပ်ကွက် တိုက်အမှတ် ၈၃၁၊ ၈၃၂၊ ၈၃၈၊ ၈၃၉၊ ၈၄၀ တို့တွင် ရေကြီး ရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုဖြစ်ပွားရာနေရာသို့ ဇမ္ဗူသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးပြည့်ဖြိုးအောင်၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်/ ကျေးအုပ်ချုပ်ရေးအဖွဲ့များပူးပေါင်းကာ ရေဘေးသင့် အခန်း ၁၂ ခန်းရှိ ပစ္စည်းများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်း၊ အန္တရာယ်ရှိသော မီးကြိုးသစ်ကိုင်းများ ဖယ်ရှားခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# တပ်ကုန်းမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံတားပျက်စီးမှုဖြစ်ပွား

**တပ်ကုန်း ဩဂုတ် ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့အတွင်း ဩဂုတ် ၂၃ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထန်းတောကြီးကျေးရွာနှင့် သံခဲတောင်ကျေးရွာချင်းဆက်လမ်းပေါ်တွင် (ဒေသအခေါ်) ကျောက်ကုတင်ချောင်းဖြတ်ကူးတံတား ပျက်စီးမှုဖြစ်ပွားခဲ့သည်။

အဆိုပါကျေးရွာချင်းဆက်တံတားသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန လူထုဗဟိုပြုဖွံ့ဖြိုးရေး ရန်ပုံငွေများဖြင့် တည်ဆောက်ထားသော အကျယ် ၁၂ ပေ၊ အရှည် ငါးပေ တံတားဖြစ်ကြောင်းနှင့် အဆိုပါချောင်းတွင် လူ၊ ဆိုင်ကယ်များဖြတ်သန်းသွားလာရေးအတွက် ထန်းတောကြီးကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရွာသူ ရွာသားများက ယာယီတံတား တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

တင်စိုးလွင်



## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# အာဖရိက ဦးချိုဒေသ၌ လူပေါင်း ၂၅ သန်းကျော် နေရပ်စွန့်ခွာ


ဆိုမာလီယာနိုင်ငံ ဘိုင်ဒိုအာရှိ ဒုက္ခသည်စခန်း ယာယီတဲအိမ်များ၌ ရွှေ့ပြောင်းနေထိုင်သူများကို တွေ့ရစဉ်။

**နိုင်ရိုဘီ ဩဂုတ် ၂၄**

ဇွန်လကုန်ပိုင်းအထိ အာဖရိက ဦးချိုဒေသ၌ နေရပ်စွန့်ခွာ ထွက်ပြေးရသူ ၂၅ သန်းရှိသည်ဟု အဖွဲ့အစည်းများက ပြောသည်။

နိုင်ငံပေါင်း ခြောက်နိုင်ငံ၌ ပြည်တွင်း နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ရသူ သန်း ၂၀ ရှိပြီး ဒုက္ခသည်နှင့် ခိုလှုံခွင့်တောင်းခံသူဦးရေ ငါးသန်းရှိသည်ဟု ဩဂုတ် ၂၃ ရက်တွင် အဖွဲ့အစည်းများက ပြောသည်။

အာဖရိက ဦးချိုဒေသသည် ကမ္ဘာပေါ်တွင် အတင်းအကျပ် ဖိအားပေးမှုကြောင့် နေရပ်စွန့်ခွာ နေထိုင်ရမှု အများဆုံးဖြစ်နေဆဲဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများ အဖွဲ့အစည်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစိုးရချင်းချင်းအာဏာပိုင်အဖွဲ့တို့က ပြောသည်။ ဆူဒန်နိုင်ငံတွင် ဖြစ်ပွားနေသည့် ပဋိပက္ခကြောင့် နေရပ်စွန့်ခွာနေထိုင်ရမှုကို ပို၍ဖြစ်ပေါ်စေခဲ့သည်။

၂၀၂၃ ခုနှစ်တွင် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ ၂၀ ဒသမ ၅ သန်းရှိရာမှ ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းတွင် ၂၅ သန်းအထိ တိုးလာခဲ့သည်။ စားနပ်ရိက္ခာလုံလောက်မှု မရှိခြင်းနှင့် အာဟာရချို့တဲ့မှု ပြဿနာများမှာ ရွှေ့ပြောင်းနေထိုင်သူများကြား ဖြစ်ပေါ်နေကြောင်း အဆိုပါ အဖွဲ့အစည်းများက လေ့လာတွေ့ရှိခဲ့သည်။

ဒေသတွင်းရွှေ့ပြောင်းနေထိုင်မှု အများဆုံးမှာ ဆူဒန်နိုင်ငံဖြစ်ပြီး ယင်းနောက်တွင် ဆိုမာလီနှင့် အီသီယိုးပီးယားနိုင်ငံတို့မှ ရွှေ့ပြောင်းနေထိုင်မှုအများဆုံးဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများ အဖွဲ့အစည်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစိုးရအချင်းချင်း အာဏာပိုင်အဖွဲ့တို့က ပြောသည်။

၂၀၂၃ ခုနှစ်ဧပြီလမှ စတင်ကာ ဆူဒန်နိုင်ငံတွင် ပဋိပက္ခစတင်ဖြစ်ပွားခဲ့ပြီး ၇ ဒသမ ၉ သန်းမှာ ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်း နေထိုင်ခဲ့ရသည်။ ၂ ဒသမ ၃သန်းမှာ အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးခဲ့ရသည်။

**ဆင်ဟွာ**

# ရာသီဥတုဖောက်ပြန်မှုကြောင့် ဩစတြေးလျ၏ အထင်ကရ ဂရိတ်ဘာရီယာ သန္တာကျောက်တန်း အကြီးအကျယ် ယိုယွင်းပျက်စီးလာ

**ကင်ဘာရာ ဩဂုတ် ၂၄**

ဩစတြေးလျနိုင်ငံ၏ အထင်ကရ ဂရိတ်ဘာရီယာ သန္တာကျောက်တန်းသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် အကြီးအကျယ် ယိုယွင်းပျက်စီးလာနေကြောင်း ဩဂုတ် ၂၃ ရက်က ထွက်ရှိလာသည့် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

အစိုးရအေဂျင်စီ တစ်ခုဖြစ်သည့် ဂရိတ်ဘာရီယာသန္တာကျောက်တန်း အထ္ထုပ္ပါဝဥယျာဉ် အာဏာပိုင်အဖွဲ့က ထုတ်ပြန်သည့် ဂရိတ်ဘာရီယာသန္တာကျောက်တန်း အကဲဖြတ်အစီရင်ခံစာ ၂၀၂၄ အရ ကမ္ဘာကြီးပူနွေးမှု တိုးလာတိုင်း သန္တာကျောက်တန်းကြီး၏ ထူးခြားသော ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်မှုများ ဖြစ်ပေါ်လာမည့်အပြင် ယင်းနှင့်ဆက်စပ်သည့် ယဉ်ကျေးမှု အမွေအနှစ်များ၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများနှင့် သန္တာကျောက်တန်း ဂေဟစနစ်ဝန်ဆောင်မှုများအတွက် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

သမုဒ္ဒရာများ ပူနွေးလာမှုနှင့် ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းများကဲ့သို့သော ရာသီဥတုဆိုင်ရာ ခြိမ်းခြောက်မှုများ၊ ရေအရည်အသွေး ညံ့ဖျင်းမှု၊ ငါးဖမ်းလုပ်ငန်းနှင့် သန္တာကျောက်တန်းများကို စားသုံးသည့် ကြယ်ငါးကဲ့သို့သော ရေသတ္တဝါများသည် သန္တာကျောက်တန်းများ ပျက်စီးမှုကို ပိုမိုဆိုးရွားစေသည့်အပြင် သန္တာကျောက်တန်းကြီးကို မှီခိုနေသည့် ပင်လယ်လိပ်များ၊ ငါးမန်းများ၊ ပင်လယ်ပျော်ငှက်များနှင့် အခြားသော ပင်လယ်နေဇီဝမျိုးစိတ်များမှာလည်း ကျဆင်းလာနေကြောင်း အစီရင်ခံစာက ဆိုသည်။



ယင်းအစီရင်ခံစာ ထုတ်ပြန်သည့်နေ့တွင် သန္တာကျောက်တန်းရေ အရည်အသွေးမြှင့်တင်ရေး ရန်ပုံငွေအဖြစ် ဩစတြေးလျ ဒေါ်လာ ၁၉၂ သန်း (အမေရိကန် ဒေါ်လာ ၁၃၀ ဒသမ ၄ သန်း) ကို အသုံးပြုသွားမည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးရာ ဝန်ကြီး တန်ယာပလီဘာဆက်က ကြေညာခဲ့သည်။ ဝန်ကြီးချုပ် အန်တိုနီ အယ်ဘာနီးစ်ကလည်း တောင်းစ်ဗဲလီတွင် ဂရိတ်ဘာရီယာသန္တာကျောက်တန်း အထ္ထုပ္ပါဝါပြတိုက် ပြန်လည်တည်ဆောက်ရန်အတွက် ရန်ပုံငွေ ဩစတြေးလျ ဒေါ်လာ သန်း ၁၀၀ (အမေရိကန် ဒေါ်လာ ၆၇ ဒသမ ၉ သန်း) ကို ခွင့်ပြုပေးခဲ့သည်။

**ဆင်ဟွာ**

# မာလီနိုင်ငံ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေကြေညာ

**ဘာမာကို ဩဂုတ် ၂၄**

မာလီနိုင်ငံ၌ မကြာသေးမီရက်များအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် မာလီကြားဖြတ်အစိုးရအဖွဲ့က သဘာဝဘေးအန္တရာယ်ဆိုင်ရာ နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေထုတ်ပြန်ချက်ကို ဩဂုတ် ၂၃ ရက်တွင် ကြေညာခဲ့သည်။

မာလီနိုင်ငံတွင် မိုးရာသီစတင်ချိန် ဇွန်လမှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အိမ်ထောင်စု ၇၀၇၇ ခန့် ရေနစ်မြုပ်ခဲ့ပြီး လူပေါင်း ၄၇၃၇၄ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဩဂုတ် ၂၃ ရက်က ကျင်းပသည့် အစိုးရအဖွဲ့အစည်းအဝေးအပြီး ထုတ်ပြန်ခဲ့သည့် အမိန့်အရ ကြားဖြတ်သမ္မတ အက်စီမီဂိုအီတာက သဘာဝဘေးအတွက် စီအက်ဖ်အေဖရန့်စ်လေးဘီလီယံ (အမေရိကန် ဒေါ်လာ ၆ ဒသမ ၈ သန်းခန့်) ကို သုံးစွဲရန် ဆုံးဖြတ်ခဲ့သည်။

**ဆင်ဟွာ**



# ကင်ညာနိုင်ငံ၌ ဒုတိယမြောက် မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားမှု တွေ့ရှိ

**နိုင်ရိုဘီ ဩဂုတ် ၂၄**

ကင်ညာနိုင်ငံ၌ ဒုတိယမြောက် မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားကြောင်းနှင့် နောက်ထပ်ကူးစက်ပျံ့နှံ့မှုကို တားဆီးရန် အရှိန်မြှင့်စောင့်ကြည့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၂၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဒုတိယမြောက်မျောက်ကျောက်ရောဂါကူးစက် ဖြစ်ပွားသူသည် ရောဂါကူးစက်မှု ဗဟိုချက်ဖြစ်သော ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ ခရီးသွားမှတ်တမ်းရှိသည့် ခရီးဝေးထရပ်ကားယာဉ်မောင်းတွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူ ဒေဘိုရာဘာရာဆာကပြောသည်။

ရောဂါကူးစက်ဖြစ်ပွားသည့် လူနာကို သီးသန့်ခွဲခြားထားကြောင်း ၎င်းက ဆက်ပြောသည်။ ထို့ပြင် ဇူလိုင် ၃၁ ရက်တွင် ပထမဆုံး မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားကြောင်း ကြေညာပြီးနောက်ပိုင်း ထိတွေ့ဆက်ဆံသူပေါင်း ၂၈ ဦးကို ၂၁ ရက်ကြာ စောင့်ကြပ် ကြည့်ရှုမှုများ ပြုလုပ်ပြီး ရောဂါလက္ခဏာများပြသခြင်း မရှိတော့သည့်အတွက် လွတ်လပ်စွာ သွားလာခွင့်ပြုလိုက်ကြောင်း ဘာရာဆာက ပြောသည်။

လက်ရှိအချိန်အထိ မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားမှု ရှိမရှိ စစ်ဆေးရန်အတွက် ဓာတ်ခွဲခန်းသို့ နမူနာ ၄၂ ခုကို ပို့ဆောင်ထားကြောင်း၊ ယင်းတို့အနက် နမူနာ ၄၀ မှာ ရောဂါပိုးမရှိကြောင်း စစ်ဆေးတွေ့ရှိသည်ဟု ဆိုသည်။

နိုင်ငံတစ်ဝန်းရှိ ဆိပ်ကမ်းအသီးသီးမှခရီးသွား ၄၂၆၄၃၈ ဦးကို ရောဂါပိုးကူးစက်ခြင်း ရှိမရှိ စစ်ဆေးပြီးဖြစ်ကြောင်း ဘာရာဆာက ပြောသည်။

**ဆင်ဟွာ**



# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြီးမှုကြောင့် ၁၈ ဦးသေဆုံး

**ဒါကာ ဩဂုတ် ၂၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြီးမှုကြောင့် သေဆုံးသူ ၁၈ ဦးရှိသည်ဟု အာဏာပိုင်များက ဩဂုတ် ၂၄ ရက်တွင် ပြောသည်။ နိုင်ငံအတွင်း ခရိုင်ပေါင်း ၆၄ ခုအနက် ၁၁ ခုတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး လူပေါင်း ငါးသန်းနီးပါး ရေလွှမ်းမိုးမှုဒဏ်ခံစားခဲ့ရသည်ဟု သဘာဝဘေးစီမံခန့်ခွဲမှုနှင့် ကယ်ဆယ်ရေးဝန်ကြီးဌာနအောက်ရှိ အမျိုးသားသဘာဝဘေးတုံ့ပြန်မှုစင်တာ၏ အစီရင်ခံစာအရ သိရသည်။

ရေလွှမ်းမိုးမှုဒဏ်ခံ ခရိုင် ခုနစ်ခုမှ ၁၈ ဦး သေဆုံးခဲ့သည်ဟု အစီရင်ခံစာအရ သိရသည်။ ရာသီအလိုက်မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်ကာ အိန္ဒိယနယ်စပ်ရှိ တောင်ကုန်းများမှ ရေများတက်လာခြင်းကြောင့် လမ်းများပျက်စီးသွားသဖြင့် အာဏာပိုင်များသည် နိုင်ငံအရှေ့တောင်ပိုင်းနှင့် မြောက်ပိုင်းခရိုင်အချို့တွင် ရိက္ခာများပေးပို့ရန် ရုန်းကန်နေရဆဲဖြစ်သည်။ ထို့ပြင် ရေကြီးမှုကြောင့် မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသ နေရာအနှံ့အပြားရှိ နေအိမ်များနှင့် သီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

**ဆင်ဟွာ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက်ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှုများအား ကြည့်ရှု

**ဘားအံ ဩဂုတ် ၂၄**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ဩဂုတ် ၂၄ ရက်နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်မှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဘားအံမြို့နယ် ရဲသာရွာသစ်အမှတ်(၂၀) အခြေခံပညာ မူလတန်းကျောင်း၊ ရဲသာကျေးရွာ အမှတ်(၁၉)အခြေခံပညာမူလတန်းကျောင်း၊ ကမော့ကစင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၊ တော်ပုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ ဒုံရင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် အဆိုပါအထက်တန်းကျောင်းတွင် တွဲဖက်ဖွင့်လှစ်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းတို့တွင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများ စုစုပေါင်းအင်အား ၁၀၈၀ ကျော် ဖြင့် အမှိုက်များရှင်းလင်းခြင်း ဖယ်ရှားခြင်းနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ ထို့အတူ အဆိုပါကျောင်းများ၌ စာသင်ခန်း၊ စာသင်ဆောင်၊ ပရိဘောဂ၊ သင်ထောက်ကူပစ္စည်းများ၊ သန့်စင်ခန်းများ ပြည့်စုံလုံလောက်မှု ရှိ မရှိ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်အတွင်း ဇူလိုင်လတတိယပတ်နှင့် ဩဂုတ်လအစောပိုင်းတို့တွင် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် တော်ပုံကျေးရွာအုပ်စုအတွင်းရှိ မိုးစပါးများ ပြန်လည်စိုက်ပျိုးနေမှုအခြေအနေကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကြီးရေလျှံမှုကြောင့် ထိခိုက်သွားသော လှိုင်ကမ္မာကျေးရွာအုပ်စု တောင်သူဦးဟုတ်စိန်၏ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းတွင် တောင်သူများစုပေါင်း၍သဘာဝမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာ အချိုးကျရောစပ်ကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲနှင့် ကော့ထမလိန်းကျေးရွာတွင် ရေကြီးနစ်မြုပ်မိုးစပါးစိုက်ခင်း



များကို ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန၊ အမှတ်(၂၀)စက်မှုလယ်ယာစခန်း (ဘားအံမြို့)မှ ထွန်စက်ကြီးများနှင့် တောင်သူများ၏ လက်တွန်းထွန်စက်ငယ်များဖြင့် စုပေါင်းထွန်ယက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ တောင်သူများနှင့် တွေ့ဆုံပြီး ရေကြီးနစ်မြုပ်မိုးစပါးများ အမြန်ဆုံး ပြန်လည်ကုစားထွန်ယက်စိုက်ပျိုးနိုင်ရေး လိုအပ်သော မျိုးစပါးများကို အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပေါ်နေမှု အခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၄**

နေပြည်တော် စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ဒုတိယမြို့တော်ဝန် ဦးမောင်မောင်သည် ၂၀၂၄ ခုနှစ် ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက ကော်မတီဝင် ဦးထွန်းထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ရှိ ရေကြီးရေလျှံဖြစ်ပေါ်သည့် နေရာများကိုလည်းကောင်း၊ ပျဉ်းမနားမြို့ရှိ ၈၅ တံတား၊ ၆ လမ်းတံတားနှင့် ၉ လမ်းတံတား၊ ဘောဂသီရိကားဝင်းအတွင်းနှင့် ကျောက်ချက်တံတားအနီး ချောင်းရေမြင့်တက်



မှုကြောင့် ရေကြီးရေလျှံဖြစ်ပေါ်သည့်နေရာများကို လည်းကောင်း၊ ဇေယျာသီရိမြို့နယ်ရှိ အေးမြင့်သာယာတံတားနှင့် ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာလမ်းမကြီး တစ်လျှောက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံ ဖြစ်ပေါ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မိုးရွာသွန်းမှုများပြား၍ ရေစီးဆင်းမှုများပြားခြင်း၊ ရေမြောင်းများကျဉ်း၍ ရေစီးဆင်းမှုမနိုင်ခြင်းများဖြစ်ပေါ်ပြီး ကားလမ်းမပေါ်သို့ ရေများကျော်၍ရောက်ခြင်း၊ သဲနုန်းများ တင်ကျန်ခြင်းတို့ ဖြစ်ပေါ်သဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ လုပ်သားများဖြင့် ရေမြောင်းများရှင်းလင်းခြင်း၊ လမ်းဘေးရှိ ချုံနွယ်နှင့် အမှိုက်များရှင်းလင်းခြင်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေး ဂရုပြုဆောင်ရွက်ကြရန် တို့ကို မှာကြားသည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ်ရှိ စက်စက်ယိုချောင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ချောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် အမှိုက်များမရှိစေရေးအတွက် ရှင်းလင်းခြင်းလုပ်ငန်းများ အလေးထားဆောင်ရွက်ရန်၊ ရေတိုက်စားမှုကြောင့် လမ်းများ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး ဂရုပြုစောင့်ကြည့်ရန်၊ လမ်းဘေးရှိ မြက်များ၊ ချုံနွယ်များနှင့် အမှိုက်များ အမြဲမပြတ် ရှင်းလင်းရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အကြို ရန်ကုန်တိုင်းဒေသကြီးအားကစားပွဲတော်ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၄**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်အကြို ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော်ကို စက်တင်ဘာ ၁၄ ရက်မှ ၂၄ ရက်အထိ အားကစားနည်း ၂၄ မျိုးဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



ပဉ္စမအကြိမ်မြောက် အမျိုးသား အားကစားပွဲတော်တွင် အောင်မြင်မှုရရှိရေးနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော်တွင် အားကစားပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၂ ရက်က ညနေပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ပြုလုပ်သည်။

ယင်း အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ရန်ကုန်တိုင်းဒေသကြီးအတွင်း အားကစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစား ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရန် အားကစားကိုစိတ်ပါဝင်စားပြီး အမှန်တကယ် ဆောင်ရွက်နိုင်သည့် သူများဖြင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီကို လည်းကောင်း၊ သက်ဆိုင်ရာ အားကစားနည်းအလိုက် ဆပ်ကော်မတီများကို လည်းကောင်း ဖွဲ့စည်းပေးခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအားကစားပွဲတော်တွင် ခရိုင်ပြိုင်ပွဲများ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ထိုမှတစ်ဆင့် လက်ရွေးစင်အားကစားသမားများကို စိစစ်ရွေးချယ်ကာ အောက်တိုဘာလမှစ၍ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အောက်ဝဲပုံ)**

ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော်တွင် ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ဘိလိယက်နှင့် စနူကာ၊ လက်ဝှေ့၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု၊ ခရစ်ကတ်၊ ဘောလုံး၊ ဖူဆယ်၊ ဂေါက်သီး၊ ဂျူဒို၊ ကရာတေး၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ရိုးရာခြင်းလုံး၊ မြန်မာ့သိုင်း၊ ဘော်လီဘော၊ ဗိုဗီနမ်၊ အလေးမ၊ ဝူရှူးနှင့် မသန်စွမ်းအားကစားတို့ ပါဝင်မည်ဖြစ်သည်။

**ဆန်းကျော်ဦး**
**(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Htet Nandar Lwin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ပေါက်တိုင်းကျေးရွာနေ ထက်နန္ဒာလွင်အား မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “Min Min Khant” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ကျောင်းကုန်းကျေးရွာနေ မင်းမင်းဦး(ခ)ထွန်းထွန်းလင်းအား ညနေ ၅ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ “Nay Moe Lwin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ ကျော်ဇေယျ (ခ) နေမိုးလွင်အား ည ၇ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “Kaung Htet Moe” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ရေထွက်ကျေးရွာနေ ကောင်းထက်မိုး(ခ)ကောင်းကြီးအား ည ၁၀ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သဘာဝအငွေ့အသက်များပြည့်နေသည့် ရန်ကုန်မြို့အနီးရှိ လှော်ကားဥယျာဉ်တွင် အပန်းဖြေအနားယူနိုင်

**ရန်ကုန် ဩဂုတ် ၂၄**

သဘာဝအငွေ့အသက်များ ပြည့်နှက်နေသည့် ရန်ကုန်မြို့အနီးရှိ လှော်ကားဥယျာဉ်တွင် ငှက်ကြည့်ခြင်း၊ လမ်းလျှောက်ခြင်းနှင့် ရေပေါ်လှေစီးခြင်း(SUP & ADV Boat) ပြုလုပ်နိုင်၍ လာရောက်အပန်းဖြေ အနားယူနိုင်ကြောင်း အဆိုပါဥယျာဉ်မှ ဖိတ်ခေါ်ထားသည်။




ရန်ကုန်မြို့နှင့် အနီးဆုံးမြို့ပြ၏မွန်းကျပ်မှုများကြားမှ ရုန်းထွက်ရန် အကောင်းဆုံးနှင့် မွန်းကျပ်မှုများ၊ စိတ်ဖိစီးမှုများ ဖြေဖျောက်ရန် မြို့ပြ၏ ဆူညံရှုပ်ထွေးမှုအဝေးတွင် စိတ်ပြေလက်ပျောက် အနားယူ အပန်းဖြေနိုင်ရန် အကောင်းဆုံးနေရာတစ်ခု ဖြစ်သော သဘာဝအငွေ့အသက်များ ပြည့်နှက်နေသည့် ရန်ကုန်မြို့အနီးရှိ လှော်ကားဥယျာဉ်တွင် ငှက်ကြည့်ခြင်း၊ လမ်းလျှောက်ခြင်းနှင့် ရေပေါ်လှေစီးခြင်းစသည့် Activity များကို ပြုလုပ်နိုင်ကြောင်း အဆိုပါဥယျာဉ်မှ အသိပေးထားသည်။

ငှက်ကြည့်ခြင်း အစီအစဉ်အနေဖြင့် ငှက်ကြည့်ဝါသနာအရပဲဖြစ်ဖြစ်၊ ဗဟုသုတအနေဖြင့် လေ့လာချင်သူများအနေဖြင့် Hlawga Birdwatching ကို ရွေးချယ်နိုင်ပြီး သဘောကောင်းသည့် ငှက်ကြည့်လမ်းပြလည်း ရှိကြောင်းနှင့် နေ့လယ်စာအတွက်လည်း စီစဉ်ပေးထားသဖြင့် ပေါ့ပေါ့ပါးပါး အပန်းဖြေရင်း ငှက်ကြည့်နိုင်ကြောင်း အသိပေးထားသည်။

ထို့အပြင် အားကစားဝါသနာပါသူများအတွက် တောခရီးကြမ်းလမ်းလျှောက်ခြင်းကို ရွေးချယ်နိုင်ပြီး ရေပေါ်လှေစီးခြင်း အစီအစဉ်အနေဖြင့် Adventure Boat နှင့် SUP စီးရခြင်း နှစ်သက်သူများအတွက် မိသားစု၊ သူငယ်ချင်းများနှင့် ပျော်ပျော်ပါးပါးစီးနိုင်ပြီး မစီးတတ်သေးသူများအတွက် ဂရုတစိုက်သင်ပြပေးမည့် နည်းပြလည်း ရှိကြောင်း၊ SUP ဈေးနှုန်းအနေဖြင့် Week Day များတွင် ကျပ် ၁၅၀၀၀၊ Week end များတွင် ကျပ် ၁၈၅၀၀ ဖြင့် လာရောက်အပန်းဖြေ စီးနိုင်ကြောင်း ဖော်ပြထားသည်။

လှော်ကားဥယျာဉ်သို့ YBS စီးပြီး လာရောက်လည်ပတ်ချင်သူများအတွက် 37-ထောက်ကြန့်-ဆူးလေ၊ 41 – မှော်ဘီ . သခင်မြပန်းခြံ၊ 90 – တိုက်ကြီး. သခင်မြပန်းခြံ၊105 – မှော်ဘီ . ဆူးလေ၊ 106 -ဥက္ကံ. ဆူးလေ၊ 96 – ထောက်ကြန့် . သာကေတရှူခင်းသာနှင့် 116 – ထောက်ကြန့် . ဆူးလေ စသည့် YBS နံပါတ်များထဲမှ မိမိတို့နှင့် နီးစပ်ရာ YBS ကားနံပါတ်များကိုစီးပြီး ၃၇ ဂိတ်ဟောင်းမှတ်တိုင်၊ ရန်ကုန် – ပြည်လမ်းမပေါ်ရှိ လှော်ကားဥယျာဉ်ဆိုသည့် ဆိုင်းဘုတ်အတိုင်း ဝင်လာခဲ့ရုံဖြင့် လာရောက် လည်ပတ်၍ရကြောင်းလှော်ကားဥယျာဉ်မှ အသိပေးထားသည်။ **MT**

## ၂၀၂၂ ခုနှစ် EPS - TOPIK စာမေးပွဲအောင်မြင်ပြီး အလုပ်လျှောက်လွှာသက်တမ်းကျန်ရှိနေသူများ သစ်တောလုပ်ငန်းသို့ ပြောင်းရွှေ့လျှောက်ထားနိုင်

**ရန်ကုန် ဩဂုတ် ၂၄**

Employment Permit System–EPS စနစ်ဖြင့် ၂၀၂၂ ခုနှစ် EPS–TOPIK စာမေးပွဲ (စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း) ဖြေဆိုအောင်မြင်၍ အလုပ်လျှောက်လွှာသက်တမ်းကျန်ရှိပြီး အလုပ်ရှင်နှင့် မိတ်ဆက်မခံရသေးသူများ သစ်တောလုပ်ငန်းသို့ ပြောင်းရွှေ့လျှောက်ထားနိုင်ကြောင်း POEA–EPS မှ အသိပေးကြေညာထားသည်။

၂၀၂၂ ခုနှစ် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ(စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း) အောင်မြင်၍ အလုပ်လျှောက်လွှာတန်းစီဇယားသက်တမ်းကျန်ရှိပြီး အလုပ်ရှင်နှင့်မိတ်ဆက်မခံရသေးသူများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းမှ သစ်တောလုပ်ငန်း(Forestry) သို့ လုပ်ငန်းပြောင်းရွှေ့လုပ်ကိုင်နိုင်ကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ သစ်တောလုပ်ငန်းသို့ ပြောင်းရွှေ့လုပ်ကိုင်လိုသူများ သိရှိရန်ဟု POEA–EPS မှ ဩဂုတ်၂၄ ရက်တွင် အသိပေးကြေညာထားသည်။

အဆိုပါအသိပေးကြေညာချက်နှင့်အတူ HRD– Korea မှ ပေးပို့လာသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ သစ်တောလုပ်ငန်းသို့ ပြောင်းရွှေ့လုပ်ကိုင်ခွင့်ရရှိသူ ၁၃၆၆ ဦး၏ အမည်စာရင်းနှင့် စာမေးပွဲခုံအမှတ်ကိုလည်း ပူးတွဲကြေညာထားသည်။

အလုပ်လျှောက်လွှာတန်းစီဇယားသက်တမ်းသည် လက်ရှိစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း သက်တမ်းကုန်ဆုံးမည့်ရက်အထိဖြစ်ကြောင်း ပါရှိသည်။ လုပ်ငန်းပြောင်းရွှေ့လျှောက်ထားလိုသူများသည် ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအတွင်း POEA ရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပြီး ရုံးသို့ လာရောက်လျှောက်ထားရာတွင် နိုင်ငံကူးလက်မှတ် (မူရင်းနှင့်မိတ္တူ) စာမေးပွဲဖြေဆိုခွင့်အမှတ်စဉ် တင်ပြရမည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ သစ်တောလုပ်ငန်းသို့ ပြောင်းရွှေ့ခြင်းသည် အလုပ်အကိုင်ရရှိမည်ဟု အာမမခံပါကြောင်းနှင့် EPSစနစ်အရ အလုပ်ရှင်စိတ်ကြိုက်ရွေးချယ်ခြင်းသာဖြစ်ကြောင်းနှင့် သစ်တောလုပ်ငန်းအတွက် တန်းစီဇယားလုံလောက်ပါက မူလလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းသို့ ပြန်လည်ပြောင်းရွှေ့ခွင့်ပြုကြောင်းလည်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ(POEA–EPS) မှ အသိပေးထားသည်။ **MT**

❖ *ကျောဖုံးမှ*

ဒီယယ်လိုက သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန်မိနစ် ၇၀ တွင် မန်ယူအသင်းမှ လူစားဝင်တိုက်စစ်ကစားသမား ဇီဇီး ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်ပြန်လည်ကြည့်ရှုစစ်ဆေးပြီးနောက် ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ ဘရိုက်တန်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန်ပြည့်ခါနီးတွင်ရရှိခဲ့ပြီး ပက်ဒရိုကသွင်းယူပေးခဲ့သည်။

လာမည့်ပွဲစဉ်တွင် အီးအက်ဖ်အယ်ဖလားပြိုင်ပွဲအဖြစ် ဘရိုက်တန်အသင်းက ခရော်လေးအသင်းနှင့် ဩဂုတ် ၂၈ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ဘက် မန်ယူအသင်းက အသင်းကြီး လီဗာပူးအသင်းနှင့် စက်တင်ဘာ ၁ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားပွဲစဉ်များတွင် မန်စီးတီးက အစ်ဆွစ်ချ်ကို လေးဂိုး – တစ်ဂိုး၊ စပါးက အဲဗာတန်ကို လေးဂိုး – ဂိုးမရှိ၊ ပဲလေ့စ်ကို ဝက်စ်ဟမ်းက နှစ်ဂိုး – ဂိုးမရှိ၊ ဖူလ်ဟမ်က လက်စတာကို နှစ်ဂိုး – တစ်ဂိုး၊ ဆောက်သမ်တန်ကို နော်တင်ဟမ်က တစ်ဂိုး – ဂိုးမရှိတို့ဖြင့် အနိုင်ရသည်။

**အောင်ဇော်**

❑ *ကျောဖုံးမှ*

ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့်နှစ်သင်း တွေ့ဆုံခြင်းဖြစ်သည်။

ဒဂုံစတားယူနိုက်တက် အသင်းသည် သိန်းသန်းဝင်း၊ ဇော်ရဲထွန်း၊ ဆွမ်လမန်၊ အောင်ကျော်နိုင်၊ စွမ်းထက်တို့ဖြင့် ပွဲထွက်လာပြီး ရတနာပုံအသင်းသည် မိုးဆွေ၊ တည်ငြိမ်မင်း၊ စိုးမင်းဦး၊ စိုးထက်ဝင်းတို့ ပါဝင်ကစားခဲ့သည်။ ပထမပိုင်းအပြီးတွင် ဂိုးမရှိ သရေကျနေသည်။ ဒုတိယပိုင်းအစတွင် ရတနာပုံအသင်း ဦးဆောင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး တည်ငြိမ်မင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်း၏ ဦးဆောင်မှုမှာ မိနစ်အနည်းငယ်သာကြာခဲ့ပြီး ၅၄ မိနစ်တွင် တောင်ပံတိုက်စစ်ကစားသမား ဆွမ်လမန်က ဒဂုံစတားအသင်းအတွက် ချေပဂိုး သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရတနာပုံ တိုက်စစ်မှူး တည်ငြိမ်မင်းက ရရှိသည်။ ယခုပွဲအပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ၁၆ မှတ်၊ ရတနာပုံအသင်းက ၁၄ မှတ် ရရှိထားသည်။

ဩဂုတ် ၂၃ ရက်ကကျင်းပသည့်ပွဲများတွင် မဟာယူနိုက်တက်အသင်းက မြဝတီအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး သစ္စာအားမာန်အသင်းနှင့် Dagon Port အသင်း သုံးဂိုးစီသရေကျခဲ့သည်။

ပွဲစဉ် (၈) တတိယနေ့ကို ဩဂုတ် ၂၅ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–MNL**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# မှုမှန်သောအတွေး မှုမှန်သောအကျင့်

မောင်မောင်လင်း

**လူတိုင်းအတွက် မိမိကိုယ်ကို နားလည်တတ်ဖို့ဆိုတာက အလွန်အရေးကြီးသလို ဒါဟာ ကိုယ့်ဘဝကို ပိုမိုပြည့်စုံအောင်ပြုလုပ်ပေးနိုင်တဲ့ အရည်အချင်းတစ်ခုလည်း ဖြစ်ပါတယ်။ အလုပ်အကိုင်၊ ပတ်ဝန်းကျင်နဲ့ လူမှုဆက်ဆံရေးတွေမှာ အောင်မြင်မှုရရှိဖို့အတွက် ကိုယ့်စွမ်းရည်နဲ့ စိတ်ခံစားချက်တွေကို သေချာနားလည်ထားဖို့ လိုအပ်ပါတယ်။ လူတွေက မိမိကိုယ်ကို နက်နက်ရှိုင်းရှိုင်းနားလည်တယ်လို့ ယုံကြည်ထားကြပေမယ့် အဲဒါဟာ တကယ်ရောမှန်ကန်ပါရဲ့လား။ ဒါကြောင့် မိမိကိုယ်ကို နားလည်တတ်ခြင်းဟာ ကိုယ်တိုင်တိုးတက်မှုနဲ့ အဖွဲ့အစည်းတစ်ရပ်ရဲ့ အနာဂတ်အောင်မြင်မှုအတွက် အရေးကြီးကြောင်း ဆွေးနွေးမျှဝေလိုပါတယ်။**

### မိမိကိုယ်ကိုနားလည်တတ်ခြင်း ဆိုရာဝယ်

မိမိကိုယ်ကို နားလည်တတ်ခြင်းဆိုတာ ကိုယ်တိုင်ရဲ့စိတ်နေစိတ်ထား၊ အတွေးအခေါ်၊ ခံစားချက်တွေနဲ့ ကိုယ့်ရဲ့အပြုအမူတွေကို အရှိအတိုင်း သိရှိနေခြင်း ဖြစ်ပါတယ်။ တစ်နည်းဆိုရရင် ကိုယ့်ရဲ့အားနည်းချက်၊ အားသာချက်၊ တန်ဖိုးထားမှုစံနှုန်းနဲ့ စိတ်ကူးအိပ်မက်တွေကို နားလည်နိုင်ပြီးတော့ လက်ခံနိုင်ခြင်းပင် ဖြစ်ပါတယ်။ မိမိကိုယ်ကို နားလည်ထားမယ်ဆိုရင်–

(က) ကိုယ့်ရဲ့စွမ်းရည်တွေကို ပိုမိုပြည့်စုံစွာ အသုံးချနိုင်ပါမယ်။

(ခ) ကိုယ့်ရဲ့ အားနည်းချက်တွေကိုသိပြီး ဆန်းစစ်လေ့လာနိုင်ပါမယ်။

(ဂ) ကိုယ့်ရဲ့ရည်မှန်းချက်တွေကို ပိုမိုရှင်းလင်းစွာ သတ်မှတ်နိုင်ပါမယ်။

(ဃ) ကိုယ့်ရဲ့ချွတ်ယွင်းနေမှုကိုလည်း လက်ခံလာနိုင်ပြီး တိုးတက်ဖို့ လုပ်ဆောင်နိုင်ပါမယ်။

ဒါဆိုရင် ကိုယ့်ရဲ့ရပ်တည်ချက်ကဘာလဲ၊ ကိုယ်က ဘာတွေကို တန်ဖိုးထားလေးစားလိုက်နာတတ်သလဲ၊ ကိုယ့်မှာ ဘယ်လိုအားသာချက်တွေရှိနေသလဲ၊ ကိုယ့်ရဲ့အားနည်းချက်တွေကကော ဘာတွေလဲ၊ ကိုယ်ဖြစ်ချင်တဲ့ဆန္ဒကရောဘာလဲ အစရှိတာတွေကို သေချာနားလည်သဘောပေါက်လာမှာ ဖြစ်ပါတယ်။ မိမိကိုယ်ကို အသေအချာနားလည်နိုင်မယ်ဆိုရင် ကိုယ့်ရဲ့တန်ဖိုးထားမှုစံနှုန်းတွေနဲ့အညီ နေ့စဉ်ဘဝမှာ ပြုမူဆောင်ရွက်လာနိုင်မှာ ဖြစ်တဲ့အတွက် ဆန္ဒနဲ့ဘဝ ထပ်တူနီးပါးကျပြီး အဓိပ္ပာယ်ပြည့်ဝတဲ့ ဘဝနေထိုင်မှုပုံစံကို ရရှိခံစားနိုင်မှာ ဖြစ်ပါတယ်။

ဒါဆိုရင် မိမိကိုယ်ကို နားလည်သဘောပေါက်အောင် တစ်နည်းပြောရရင် မိမိကိုယ်ကို သေချာသိအောင် ဘယ်လိုလုပ်လို့ရလဲဆိုတာကို လေ့လာကြည့်လိုက်ရအောင်ပါ။ ကိုယ်တိုင်နဲ့ အခြားသူတွေအပေါ် ယေဘုယျအားဖြင့် နားလည်လိုတယ်ဆိုရင် ဒိန်းမတ်နိုင်ငံသား စီးပွားရေးဂုရုကြီး Uffe Elbaek ရဲ့ အများသူငှာသဘောထား ပြဒါးတိုင်လေးနဲ့ စထားကြည့်လို့ရပါတယ်။

### Uffe Elbaek မိုဒယ် ဆိုရာဝယ်

ဒီမိုဒယ်က လူတစ်ဦးတစ်ယောက်ရဲ့ စရိုက်လက္ခဏာနဲ့ သဘောထားတွေကို ဖော်ထုတ်ပေးနိုင်ပါတယ်။ အဲဒီအတွက် ကိုယ်ဟာမတူညီတဲ့ ရှုထောင့်လေးခုကနေ အမြဲတမ်း အကြည့်ရှုခံနေဖို့ လိုအပ်တယ်ဆိုတာကိုတော့ သတိပြုထားရပါမယ်။ အဲဒါတွေကတော့–

(က) မိမိကိုယ်ကို ဘယ်လိုမြင်လဲ။

(ခ) ကိုယ်တိုင်ကကော မိမိကိုယ်ကို ဘယ်လိုမြင်ချင်နေတာမျိုးလဲ။

(ဂ) တစ်ပါးသူတွေက ကိုယ့်အပေါ် ဘယ်လိုမြင်နေတာမျိုးလဲ။

(ဃ) သူတစ်ပါးက မိမိကို ဘယ်လိုမြင်စေချင်တာလဲစတာတွေပဲ ဖြစ်ပါတယ်။

အဲဒါနဲ့ပတ်သက်ပြီးတော့ အောက်မှာဖော်ပြထားတဲ့ စံတွေနဲ့ချိန်ထိုးကြည့်ပြီး မိမိကိုမိမိ ၁ ကနေ ၁၀ အတွင်း အမှတ်ပေးကြည့်လိုက်ပါ–

(က) အဖွဲ့လိုက်နေတတ်မှုနဲ့ ထီးတည်းနေတတ်မှု။

(ခ) အသွင်အပြင်နဲ့ အနှစ်သာရမှာ ဘယ်ဟာကို ပိုအလေးထားလဲ။

(ဂ) ရုပ်ပိုင်းနဲ့ စိတ်ပိုင်းနှစ်ခုထဲမှာ ဘယ်တစ်ခုက ကိုယ့်အတွက် ပိုအရေးပါလဲ။

(ဃ) ကမ္ဘာ့အရေးနဲ့ ဒေသအရေး ဘယ်အရေးမှာ ပိုခံစားမိလဲစတာတွေနဲ့ မိမိကိုယ်ကို ချိန်ထိုးဆန်းစစ် ကြည့်လိုက်ရင် ကိုယ်ဟာ ဘယ်လိုလူစားမျိုးဆိုတာကို အတိုင်းအတာတစ်ခုအထိ သိရှိနားလည်နိုင်မှာ ဖြစ်ပါတယ်။

ဒီလိုသိသွားပြီးပြီဆိုရင်တော့ ကိုယ်ဟာ အများနဲ့လိုက်လျောညီထွေဖြစ်အောင်နေနိုင်တဲ့ လူမျိုးလား၊ လက်တွေ့ကျတဲ့လူမျိုးလား၊ စိတ်ကူးယဉ်ကမ္ဘာလေးထဲမှာပဲ ပျော်မွေ့နေတဲ့လူမျိုးလား စတာတွေကို ဖော်ထုတ်နိုင်မှာဖြစ်ပြီး မိမိကိုယ်ကို ကိုယ်တိုင်နဲ့ လူအများက ရှုမြင်စေချင်တဲ့ ပုံစံမျိုးဖြစ်အောင် ပြုမူနေထိုင်သွားလို့ရမှာ ဖြစ်ပါတယ်။

> **“ဒါဆိုရင် ဒီလိုမေးခွန်းလေးတွေကို ကိုယ့်ဘာသာကိုယ် မေးမြန်းကြည့်လို့ ရပါတယ်။ အတိတ်ကာလကို ပြန်တွေးတောနေတာကြောင့် အချိန်တွေ ဘယ်လောက်ကုန်နေလဲ၊ ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက်ရော ဘယ်လောက်သုံးနေသလဲ။ တစ်နည်းပြောရရင် ဖြစ်ပြီးခဲ့တဲ့အကြောင်းအရာနဲ့ပတ်သက်ပြီး မကြာခဏဆိုသလိုမျိုး ပြန်ပြန်ပြီးစိတ်လှုပ်ရှားတာမျိုး၊ တသသဖြစ်နေတတ်တာမျိုးရှိသလား။ လက်ရှိလုပ်ဆောင်နေဆဲ အခိုက်အတန့်မှာပဲ အဲဒီအရာတွေအပေါ် တကယ်ပဲအာရုံစူးစိုက်မိနေတယ်ဆိုတဲ့ ခံစားချက်မျိုး ဘယ်နှခါဖြစ်ခဲ့ဖူးသလဲ။ အနာဂတ်မှာ ဘာတွေဖြစ်လာနိုင်မလဲဆိုတာကို မကြာခဏ တွေးကြည့်တတ်တာမျိုးနဲ့ ဖြစ်ပေါ်လာမယ့် အရာတွေအတွက်ရော မကြာခဏ တွေးပူနေတတ်သလား စတာတွေပဲ ဖြစ်ပါတယ်”**

ဥပမာအားဖြင့် အသင်းအဖွဲ့လိုက် ကျွမ်းကျင်မှုအရည်အချင်း အလွန်လိုအပ်တဲ့ လုပ်ငန်းနယ်ပယ်အတွက် အလုပ်စလျှောက်တဲ့အခါမှာ မိမိကိုယ်ကိုတော့ အသင်းအဖွဲ့လိုက် လုပ်ဆောင်တတ်သူလို့ ထင်ကောင်းထင်နေနိုင်ပေမယ့် လုပ်ဖော်ကိုင်ဖက်ဟောင်းတွေကတော့ ပေါင်းစည်းဆောင်ရွက်မှုအားနည်းသူလို့ ထင်နေတာမျိုးကို သိထားခဲ့မယ်ဆိုရင်တော့ အင်တာဗျူးအတွက် ပြင်ဆင်ချိန်မှာ ကိုယ့်ရဲ့လိုအပ်ချက်ရှိနေတာတွေကို အထူးဂရုစိုက်ပြင်ဆင်နိုင်ဖို့အခွင့်အရေးရရှိမှာ ဖြစ်ပါတယ်။ ဒီမိုဒယ်ကို နားလည်အသုံးချခြင်းအားဖြင့် ကိုယ့်ရဲ့အရည်အသွေး၊ အရည်အချင်းမြှင့်တင်ရမယ့်အရာတွေကို သိမြင်လာနိုင်သလို ကိုယ့်ရဲ့ဆက်သွယ်ပြောဆိုမှုတွေ တိုးတက်ကောင်းမွန်လာပြီး လူမှုဆက်ဆံရေး ပိုမိုခိုင်မာအောင် လုပ်ဆောင်နိုင်လာမှာ ဖြစ်ပါတယ်။

### စွမ်းအင်မိုဒယ် (Energy Model) ဆိုရာဝယ်

ဒါကတော့ ကိုယ်ဟာ အတိတ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်သုံးခုထဲက ဘယ်အပိုင်းကို ဘယ်လောက် အာရုံစိုက်သင့်သလဲဆိုတာမျိုး ဖြစ်ပါတယ်။ လက်ရှိအချိန်နဲ့နေရာကိုပဲ အာရုံစိုက်သင့်တယ်လို့ ပြောဆိုတာမျိုး မကြာခဏ ကြားဖူးမှာပါ။

ဆွစ်လူမျိုးစာရေးဆရာ Pascal Mercier ကတော့ **“ဒါဟာမှားပါတယ်။ အဓိပ္ပာယ်မရှိတဲ့ အတင်းအဓမ္မပြုမှုမျိုးဖြစ်ပြီး မရှိမဖြစ်လိုအပ်တဲ့ အရာတွေကို ဆုပ်ကိုင်ထားတယ်ဆိုတဲ့ ခံယူချက်နဲ့ လက်ရှိနေရာနဲ့အချိန်ကို အာရုံစိုက်ခိုင်းနေတာမျိုးပါ။ ကျွန်တော်တို့ဟာ ပြီးဆုံးခဲ့တဲ့ အဖြစ်အပျက်တွေအပေါ်မှာလည်း ကိုယ့်ရဲ့စိတ်အတွင်းပိုင်း သက်သာရာရစေဖို့အတွက် ခဏတစ်ဖြုတ် ဆွေးမြည့်စရာ၊ ရယ်မောစရာ စသည်ဖြင့် သင့်လျော်သလိုထားရှိပြီး ဘဝအမောတွေကနေ အေးချမ်းသေချာစွာ ဖြတ်သန်းနိုင်ဖို့လည်း အရေးကြီးပါတယ်”** လို့ ဆိုခဲ့ပါတယ်။

ဒါဆိုရင် ဒီလိုမေးခွန်းလေးတွေကို ကိုယ့်ဘာသာကိုယ်မေးမြန်းကြည့်လို့ရပါတယ်။ အတိတ်ကာလကို ပြန်တွေးတောနေတာကြောင့် အချိန်တွေ ဘယ်လောက်ကုန်နေလဲ၊ ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက်ရော ဘယ်လောက်သုံးနေသလဲ။ တစ်နည်းပြောရရင် ဖြစ်ပြီးခဲ့တဲ့အကြောင်းအရာနဲ့ ပတ်သက်ပြီး မကြာခဏဆိုသလိုမျိုး ပြန်ပြန်ပြီး စိတ်လှုပ်ရှားတာမျိုး၊ တသသဖြစ်နေတတ်တာမျိုးရှိသလား။ လက်ရှိလုပ်ဆောင်နေဆဲ အခိုက်အတန့်မှာပဲ အဲဒီအရာတွေအပေါ် တကယ်ပဲ အာရုံစူးစိုက်မိနေတယ်ဆိုတဲ့ ခံစားချက်မျိုး ဘယ်နှခါဖြစ်ခဲ့ဖူးသလဲ။ အနာဂတ်မှာ ဘာတွေဖြစ်လာနိုင်မလဲဆိုတာကို မကြာခဏ တွေးကြည့်တတ်တာမျိုးနဲ့ ဖြစ်ပေါ်လာမယ့် အရာတွေအတွက်ရော မကြာခဏ တွေးပူနေတတ်သလား စတာတွေပဲ ဖြစ်ပါတယ်။

ယဉ်ကျေးမှုတန်ဖိုးဆိုင်ရာ စံနှုန်းအပေါ် သုတေသနပြုမှုတွေအရ ဥရောပသားတွေဟာ အတိတ်ကို တသသဖြစ်လေ့ရှိတာနဲ့အညီ မှတ်သားမှုနဲ့ မောင်းနှင်တတ်ကြသူတွေ ဖြစ်တာကြောင့် သူတို့ရဲ့ဦးနှောက်ကို အလုပ်ပေးလေ့ရှိတဲ့ ရာခိုင်နှုန်းတွေကတော့ အတိတ်အတွက် ၄၀၊ ပစ္စုပ္ပန်အတွက် ၃၀ နဲ့ အနာဂတ်အတွက် ၃၀ ပဲရှိပြီး စိတ်ကူးအိပ်မက်နဲ့ မောင်းနှင်တတ်ကြသူ အမေရိကန်တွေကတော့ အတိတ်အတွက် ငါးနဲ့ ပစ္စုပ္ပန်အတွက် ၃၀ ပဲ အသုံးပြုလေ့ရှိပေမယ့် အနာဂတ်အတွက် ၆၅ တောင် အသုံးချကြတယ်လို့ တွေ့ရှိထားပါတယ်။ လုံ့လဝီရိယကို ဦးစားပေးပြီး လက်တွေ့ကျမှုနဲ့ မောင်းနှင်လေ့ရှိတဲ့ ကျွန်တော်တို့လို အာရှသားတွေကတော့ ပစ္စုပ္ပန်အတွက် ၇၀ အသုံးချပြီး အတိတ်အတွက် ၁၀ နဲ့ အနာဂတ်အတွက် ၂၀ လောက်ပဲ အသုံးချကြတယ်လို့ ဆိုပါတယ်။

သေချာတာကတော့ ပြီးဆုံးသွားတဲ့အတိတ်ကို ပြန်လည်ပြင်ဆင်လို့မရတော့ပေမယ့် အနာဂတ်ကို စိတ်ပူပင်နေတာမျိုးကြောင့် လက်ရှိပစ္စုပ္ပန်ကို မဖျက်ဆီးမိစေဖို့ အရေးကြီးပါတယ်။ အချုပ်အားဖြင့် အချိန်တိုင်းကို သတိတရားလက်ကိုင်ထားပြီး ပြုမူလုပ်ဆောင်ဖို့လိုအပ်တာကို ဂရုမူစေဖို့ပဲဖြစ်ပါတယ်။

ဒီလိုအခါမျိုးမှာ အသိဉာဏ်ဘက်လိုက်မှု (Cognitive Bias) ဆိုတာမျိုးကိုလည်း သတိပြုမိဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ဟာ ဆုံးဖြတ်ချက်ချနိုင်ဖို့ စဉ်းစားတွေးတောချိန်မှာ လူ့သဘောသဘာဝအရ စိတ်မှန်းတွက်ဆမှုနဲ့အစွဲတွေ တွယ်ငြိနေတတ်တာကြောင့် အမှန်မမြင်နိုင်တာမျိုး ဖြစ်တတ်ပါတယ်။

### လူသားတွေရဲ့ အသိဉာဏ်ဘက်လိုက်မှု (Cognitive Bias) လေးမျိုး

(က) **Anchoring (အာရုံမှာ စွဲထင်နေမှု)။** ကိုယ်ကတော့ ဆုံးဖြတ်ချက်မချမီ အကြောင်းရင်းအားလုံးကို သုံးသပ်ခဲ့တယ်လို့ ယူဆထားပေမယ့် ပထမဆုံး ရရှိလိုက်တဲ့ အချက်အလက်အပေါ်မှာသာ အလေးအနက် ယုံကြည်မှုအရှိဆုံး ဖြစ်သွားတတ်တာမျိုး ဖြစ်ပါတယ်။ ဥပမာအားဖြင့် အိမ်ခန်းငှားဖို့လိုက်ရှာနေချိန်မျိုးမှာ ပထမဦးဆုံးကြည့်တဲ့ အခန်းက တစ်လကို ငါးသိန်းဆိုပါစို့။ နောက်တစ်ခန်းက ခြောက်သိန်းဆိုတာနဲ့ အဲဒီအခန်းက ပထမအခန်းထက် ပိုကောင်းတာတို့၊ ဘာတို့ဘေးချိတ်ထားဈေးကြီးလိုက်တာလို့ တန်းပြီး ဆုံးဖြတ်မိသွားတာမျိုး ဖြစ်ပါတယ်။ အဲဒီလိုမျိုးပဲ တစ်စုံတစ်ဦး၊ ဒါမှမဟုတ် တစ်စုံတစ်ခုနဲ့ စပ်လျဉ်းပြီး ကြားသိထားတဲ့အရာတွေအပေါ်မူတည်ပြီး သူ့အပေါ် ကောက်ချက်ချတာတို့၊ အဆုံးအဖြတ်ပေးရတာတို့ ပြုလုပ်ရချိန်မှာ လွှမ်းမိုးသွားတတ်ပါတယ်။ အချက်အလက်၊ ဖြစ်စဉ် အကြောင်းအရာ၊ ကိန်းဂဏန်းတစ်ခုဟာ အာရုံမှာ ငြိတွယ်စွဲထင်နေရင် ဆုံးဖြတ်ရချိန်မှာ အဲဒီနောက်ကိုပဲ လိုက်သွားလေ့ရှိတာမျိုးကို ဆိုလိုတာပါ။ ဒါကြောင့် တစ်ခုခု ဆုံးဖြတ်ရတော့မယ်ဆိုရင် ပထမဆုံး ထင်ထားမြင်ထားတွေကိုသာ မယုံစားဘဲနဲ့ ရနိုင်သမျှ အချက်အလက်တွေကို စုဆောင်းရှာဖွေသင့်ပါတယ်။

(ခ) **The Confirmation Bias (အတည်ပြုချက်အစွဲ)။** လူ့သဘောသဘာဝအရ ကိုယ်တွေးထင်ယုံကြည်ထားရှိပြီးသား အကြောင်းအရာနဲ့ ကိုက်ညီတဲ့အချက်အလက်မျိုးကိုသာ လက်ခံရယူလိုလေ့ရှိပါတယ်။ အဲဒါနဲ့ဆန့်ကျင်တာမျိုးကို လက်မခံလိုကြပါ။ ဥပမာအားဖြင့် ကိုယ်က ယုံကြည်မကိုးစားလောက်ဘူးလို့ လက်ခံယူဆထားပြီးဖြစ်တဲ့ အကြောင်းခြင်းရာနဲ့ စပ်လျဉ်းတဲ့ မကောင်းသတင်းတွေကိုသာ ကြားချင်နေတာမျိုးဖြစ်ပါတယ်။ လူမှုကွန်ရက်ပလက်ဖောင်းတွေကသုံးစွဲသူနဲ့ ကိုက်ညီတဲ့ အကြောင်းအရာတွေကို မပြတ်ပေးပို့နေတာမျိုးကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒီလိုနည်းလမ်းမျိုးနဲ့ သူတစ်ဦးတစ်ယောက်ရဲ့ စိတ်အတွင်းက ထင်မြင်ယူဆချက် ပိုပြီးအားကောင်းသည်ထက် အားကောင်းလာအောင် ပြုလုပ်ပေးလိုက်သလို ဖြစ်သွားပြီး ကိုယ်ဟာ တစ်ဖက်ပိတ်၊ အစွန်းရောက်ဘဝကို ရောက်မှန်းမသိ ရောက်ရှိသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ဟာ မှားနိုင်တယ်လို့ လက်ခံလိုက်ပြီး ကိုယ့်ရဲ့ ရှိရင်းထင်မြင် ယူဆထားချက်တွေနဲ့ ဆန့်ကျင်တဲ့ အတွေးအမြင်၊ အယူအဆတွေအပေါ် စိတ်တံခါးဖွင့်ပြီး လက်ခံတတ်ဖို့ လိုအပ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် ဝါနှင့်နေကြာ စိုက်ကေပြည့်မီရေးအတွက် ဝါမျိုးစေ့နှင့် နေကြာမျိုးစေ့များ ပေးအပ်ပွဲကျင်းပ

**မုံရွာ ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် ဝါနှင့်နေကြာ စိုက်ကေပြည့်မီရေးအတွက် ဝါမျိုးစေ့နှင့်နေကြာမျိုးစေ့များ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးရှိမြတ်သလ္လာခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ယခုမိုးရာသီတွင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် အခြားသီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင်စိုက်ပျိုးနိုင်မည်ဆိုပါက တိုင်းဒေသကြီး၏ ဆန်၊ ဆီ၊ ပဲဖူလုံမှုများ ပိုမိုတိုးတက်လာနိုင်မည် ဖြစ်သကဲ့သို့ ဝါသီးနှံနှင့်ဆက်စပ်လျက်ရှိသည့် စက်မှုလက်မှုလုပ်ငန်းများ၏ အခြေခံကုန်ကြမ်း လိုအပ်ချက်များ တိုးတက်ဖြည့်ဆည်းနိုင်ရေးအတွက် ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကိုလည်း အလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များမှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များအတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် ဝါနှင့်နေကြာစိုက်ကေ ပြည့်မီရေးအတွက် မိမိတို့ဌာနများအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



**ဝါနှင့်နေကြာ စိုက်ကေပြည့်မီရေး**

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက တိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် ဝါနှင့်နေကြာ စိုက်ကေပြည့်မီရေးအတွက် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် တောင်သူများမှ စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသခံတောင်သူနှစ်ဦးထံ ချည်မျှင်ရှည်ဝါမျိုးစေ့နှင့်နေကြာမျိုးစေ့များကို ထောက်ပံ့ပေးအပ်ပြီး တိုင်းဒေသကြီးတရားသူကြီးချုပ်က ဒေသခံတောင်သူတစ်ဦးထံ ချည်မျှင်ရှည်ဝါမျိုးစေ့များကို ထောက်ပံ့ပေးအပ်ကြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက မုံရွာမြို့နယ်အတွင်းရှိကျေးရွာများမှ ဒေသခံတောင်သူများထံ ချည်မျှင်ရှည်ဝါမျိုးစေ့နှင့်နေကြာမျိုးစေ့များကို အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပြီး အခမ်းအနားသို့တက်ရောက်လာကြသည့်ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။ (ဝဲပုံ)

**နည်းပညာပေး**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် အဆိုပါရုံးဝင်းအတွင်း တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနက ပြသထားသော မျိုးစေ့ချကိရိယာများနှင့် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများက ဒေသခံတောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အွန်လိုင်းစနစ်ဖြင့်လေ့လာနိုင်ရေး နည်းပညာပေးစင်တာအတွင်း Mobile Phone ဖြင့် အသုံးပြုပုံများအား ရှင်းလင်းပြသနေမှုများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# စစ်တွေမြို့ ဥပဒေပညာပေးရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲအခမ်းအနား ကျင်းပ

**စစ်တွေ ဩဂုတ် ၂၄**

ဥပဒေပညာပေးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲကို ယမန်နေ့က စစ်တွေမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ယနေ့အချိန်တွင် နိုင်ငံတော် အစိုးရ၏ ဦးဆောင်မှုဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေကြကြောင်း၊ နိုင်ငံတော်အနေဖြင့် လူငယ်များ ကာယ၊ ဉာဏ စွမ်းရည်မြင့်မားစေရန်၊ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာပေလေ့လာဖတ်ရှုလိုသည့် အလေ့အကျင့်ကောင်းများရရှိစေရန် အပါအဝင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က တန်ဖိုးထားရသော အနာဂတ်သားကောင်းရတနာ လူငယ်များအနေဖြင့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များအဖြစ် ရှင်သန်တိုးတက်လာရန် ဥပဒေအသိပညာများကိုနားလည်ပြီး ဥပဒေနှင့်အညီ နေထိုင်ပြုမူတတ်သော နိုင်ငံသားကောင်းများ ဖြစ်ပေါ်လာစေရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် ယခုကဲ့သို့ ဥပဒေအသိပညာပေးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ဥပဒေဆိုသည်မှာ နိုင်ငံတိုင်းတွင် ပြဋ္ဌာန်းထားရှိပြီး နိုင်ငံသားတိုင်း လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်စည်းကမ်းများဖြစ်ကြောင်း၊ နိုင်ငံသားအားလုံးသည် ဥပဒေနှင့်အညီ နေထိုင်ကြရမည်ဖြစ်သကဲ့သို့ တားမြစ်ထားသည့် အရာများကိုလည်း မဖောက်ဖျက်မိရန်လိုကြောင်း၊ ထို့ကြောင့် ဥပဒေပညာကိုလည်း ကျောင်းသားလူငယ်ဘဝကတည်းက သိရှိလေ့လာထားရန် လိုအပ်သည့် အရာတစ်ခုဖြစ်ကြောင်း၊ စာပေလေ့လာဖတ်ရှုခြင်းနှင့် အသိပညာဗဟုသုတပြည့်စုံခြင်းသည် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီ၏ ဘဝရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မည့် အရည်အသွေးဖြစ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုနိုင်မည့် လိုအပ်ချက်ဖြစ်ခြင်းကြောင့် အစိုးရ၊ မိဘ၊ ဆရာများက ကျောင်းသားကျောင်းသူများ၏ ပညာရေးမြှင့်တင်မှုလုပ်ငန်းစဉ်များကို အားလုံးဝိုင်းဝန်းပြီး ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။



ဆက်လက်၍ ရခိုင်ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းက ဥပဒေဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောပြီး စာရေးဆရာအောင်ကြည်မိုး(သင်ပုန်းတန်း)က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

# မြဝတီမြို့၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်ပိုမိုမြင့်မားစေရေး လူငယ်စကားဝိုင်းကျင်းပ

**မြဝတီ ဩဂုတ် ၂၄**

ကရင်ပြည်နယ် မြဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန် ပိုမိုမြင့်မားစေရေးနှင့် ပြင်ပစာပေဗဟုသုတ ကြွယ်ဝစေရေးအတွက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၃ ရက်က မြဝတီမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးစံဝင်းကြည်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာဖြူဝင်းက ကျောင်းသား ကျောင်းသူ အချင်းချင်း အတွေးအခေါ်ဖလှယ်တတ်စေရန်၊ လူအများရှေ့၌ ဦးဆောင် ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ပြင်ပစာပေ ဗဟုသုတ ကြွယ်ဝစေရန် လူငယ်စကားဝိုင်းများ ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် ဒုတိယဦးစီးမှူး ဒေါ်ဇင်မာအေးက ဦးဆောင်ကာ Grade-11မှ မချစ်စုဝေ၊ မငြိမ်းမို့မို့လွင်၊ မချယ်ရီငြိမ်း၊ မောင်သန့်ဇင်တို့က ဆွေးနွေးကြရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက ကဏ္ဍအလိုက်သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။




ဆက်လက်၍ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေအောင်က အားကစားပစ္စည်းများကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပါဝင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ပြီး ဗဟုသုတဖြစ်ဖွယ် နံရံကပ်စာစောင်များနှင့် သုတ/ရသ စာအုပ်စာစောင်များ ပြသခဲ့သည်။

**ဇာဖြူဝင်း(မြဝတီ)**

# ကျောက်ဆည်၌ အမှတ်(၂) ခရိုင်ချင်းဆက်လမ်းတွင် မြောင်းကူးတံတားသုံးစင်း ဆောက်လုပ်ပေး

**ကျောက်ဆည် ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် လမ်းဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဒေသအတွင်း ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေး ကျောက်ဆည်ခရိုင်အတွင်းရှိ အမှတ်(၂)ခရိုင်ချင်းဆက်လမ်းတွင် ခံနိုင်ဝန်အားကောင်းမွန်စေမည့် ကွန်ကရစ်မြောင်းကူးတံတား သုံးစင်း ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

ခံနိုင်ဝန်အားကောင်းမွန်စေမည့် ကွန်ကရစ်မြောင်းကူးတံတားများကို မန္တလေးတိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၈၇ ဒသမ ၅၀၀ သန်း အကုန်အကျခံကာ တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ယူ၍ ကွန်ကရစ်မြောင်းကူးတံတား ဆောက်လုပ်ပေးခြင်းဖြစ်ကြောင်းနှင့် ကွန်ကရစ်မြောင်းကူးတံတားများကို အမှတ်(၂)လမ်း၏ ၄၇ ကီလိုမီတာနှင့် ၄၉ ဒသမ ၇ ကီလိုမီတာ၊ ၇၁ ကီလိုမီတာနှင့် ၇၃ ကီလိုမီတာအတွင်း ဆောက်လုပ်ပေးလျက်ရှိပြီး လုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေး မြို့နယ်လမ်းဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**







# ပုပ္ပားတောင်ဥယျာဉ်ထဲက တောင်ပေါ်တောင်ရွာလေးဆီ လည်ပတ်မယ်

ယဉ်လာဒ်၊ ဓာတ်ပုံ– KoHtetBaganTaxi / The Unlock Travels

**မြန်မာ**နိုင်ငံရဲ့ တစ်ခုတည်းသောနဲ့ ပထမဦးဆုံး ဘူမိဥယျာဉ်တစ်ခုဖြစ်တဲ့ ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်နယ်မြေထဲက တောင်ပေါ်တောင်ရွာလေးဆီကို သွားရောက်လည်ပတ်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ဖော်ပြပေးချင်ပါတယ်။

**အညာမြေရဲ့ အိုအေစစ်**

အညာမြေရဲ့အိုအေစစ်လို့ တင်စားထားရတဲ့ ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်ရဲ့ ဘူမိရုပ်သွင်ဟာ ထူးခြားလှတဲ့ နေရာတစ်ခုလို့ဆိုရပါတယ်။ လက်ရှိမှာတော့ “အမျိုးသားဘူမိဥယျာဉ်” အနေနဲ့ ဖွင့်လှစ်ထားပြီး အဲ့ဒီကနေမှ ကမ္ဘာ့အသိအမှတ်ပြု UNESCO Geopark အဆင့်အထိ ရောက်ရှိအောင် ကြိုးစားသွားမယ်လို့ ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်ရဲ့ တာဝန်ရှိသူက ပြောပြပါတယ်။

ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်ကို ၂၀၂၄ ခုနှစ် မတ် ၂၀ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဘူမိဥယျာဉ် အကျယ်အဝန်း ဧက ၅၀၀၀၀ ကျော်ရှိပြီး ဘူမိနယ်မြေ (Geosite) ပေါင်း ၁၅ ခုနဲ့ ဖွဲ့စည်းတည်ထောင်ထားပါတယ်။ ဒီဘူမိနယ်မြေပေါင်း ၁၅ ခုထဲမှာ တောင်ပေါ်တောင်ရွာလေးအပါအဝင် ဖြစ်ပါတယ်။

**သမိုင်းအမွေအနှစ်တွေရှိတဲ့နေရာ**

ပုပ္ပားဆိုတာ ဒေသခံတွေရဲ့ ကိုးကွယ်ယုံကြည်မှုတွေ၊ ယဉ်ကျေးမှုတွေ၊ ထုံးတမ်းအစဉ်အလာတွေ အစရှိတဲ့ သမိုင်းဆိုင်ရာယဉ်ကျေးမှုအမွေအနှစ်တွေ တည်ရှိတဲ့နေရာတစ်ခုလို့ ဆိုရပါတယ်။ ပုဂံနဲ့ပုပ္ပားက ခွဲခြားမရအောင် ပြည်တွင်းပြည်ပခရီးသွားတွေရဲ့ လာရောက်လည်ပတ်ကြတဲ့နေရာတစ်ခု ဖြစ်ပါတယ်။

“ပုပ္ပားကို ရောက်ရင် ဘုရားဖူးစရာပဲရှိတယ်လို့ ထင်မှတ်ထားကြတယ်။ တကယ်တော့ ပုပ္ပားမှာ လည်ပတ်လေ့လာစရာတွေများပါတယ်။ အခု ပုပ္ပားတောင် မီးတောင်ချိုင့်ဝှမ်း အလယ်ထဲမှာရှိတဲ့ တောင်ပေါ်တောင်ရွာလေးဆိုရင် အလွန်သာယာလှပပါတယ်။ ရှမ်းပြည်ရောက်နေတဲ့ခံစားမှုမျိုး မြူတွေတိမ်စိုင်တွေနဲ့ လှပတဲ့ရွာလေးတစ်ရွာပါ။ ဒေသခံတွေကလည်း ဖော်ရွေပျူငှာကြပါတယ်”လို့ ပုဂံပုပ္ပားခရီးစဉ်တွေကို ရောင်းချပေးနေတဲ့ The Unlock Travels & Tour က အရောင်းမန်နေဂျာ ကိုဟိန်းထက်ကိုကိုက ပြောပြပါတယ်။

ဒ့ါပြင် မြန်မာနိုင်ငံမျိုးရင်း “မြန်မာ့ရွှေသမင်”တွေကို ပုပ္ပားတောင်ဥယျာဉ် သမင်ခြံအတွင်းမှာ မွေးမြူထားသလို ဆတ်တွေကိုလည်း မွေးမြူထားတယ်လို့ ပုဂံဒေသခံ ကိုပြည့်စုံက စာရေးသူကို ပြောပါတယ်။ ပုပ္ပားတောင်ဥယျာဉ် သမင်ခြံကလည်း အမျိုးသားဘူမိဥယျာဉ်ရဲ့ ဘူမိနယ်မြေ အမှတ်(၇)မှာ ပါဝင်ပြီး ပုပ္ပားကိုရောက်ရင် သွားရောက်လည်ပတ်လေ့လာသင့်တဲ့ နေရာတွေထဲက တစ်ခုဖြစ်ပါတယ်။

“မြန်မာပြည်အနှံ့အပြားမှာ လှပလွန်းတဲ့နေရာတွေများစွာရှိပါတယ်။ ဒေသခံတွေရဲ့ ပွင့်လင်းရိုးသားမှုအလှ၊ ရိုးရာဓလေ့ထုံးစံအလှ၊ ယုံကြည်ကိုးကွယ်ရာအလှ၊ တောတောင်သဘာဝအလှ၊ အနုပညာသုခုမအလှ၊ အနုပညာရုပ်ဝတ္ထုတည်ဆောက်မှုအလှ၊ တိုင်းရင်းသားတို့ရဲ့စုစည်းညီညွတ်မှုအလှတွေကို မြင်တွေ့နိုင်စေပါတယ်။ မြန်မာပြည်ဟာ ကမ္ဘာပေါ်မှာ စိတ်ဝတ္ထု၊ ရုပ်ဝတ္ထုနဲ့ပြည့်စုံလှပတဲ့ နိုင်ငံတစ်ခုပါပဲ”လို့ ခရီးသွားကုမ္ပဏီတစ်ခုရဲ့ တာဝန်ရှိသူကလည်း စာရေးသူကို ပြောပါတယ်။



“အခုချိန်ကတော့ ပုပ္ပားဘက်ကို ဘုရားဖူးတွေ သွားကြပါတယ်။ မိုးရာသီလည်းဖြစ် အသီးနှံလေးတွေလည်း အစုံပေါ်တော့ ခရီးသွားအလာများပါတယ်။ တောင်ပေါ်ရွာလေးဆီတော့ အသွားများကြပါတယ်။ မိုးတွင်းပိုင်းနဲ့ ဆောင်းတွင်းကာလတွေဆို ပုပ္ပားကို သွားရောက်လည်ပတ် သင့်တဲ့ကာလပါ။ အဲဒီအချိန်က အလှပဆုံးအချိန်တွေလို့ ပြောလို့ရပါတယ် ”လို့ ပုဂံဒေသခံ Taxi ပြေးဆွဲပေးတဲ့ ကိုထက် (ပုဂံ)က စာရေးသူကို ပြောပြပါတယ်။

**စကားဝါပန်းတို့ဌာနေ**

စကားဝါပန်းတို့ဌာနေလို့ တင်စားရတဲ့ ပုပ္ပားဒေသမှာ မာလကာသီး၊ ပိန္နဲသီး၊ နဂါးမောက်သီးစတဲ့ ဒေသထွက်သီးနှံတွေ၊ ပန်းတွေ၊ ပျိုးပင်ခြံတွေ ပေါများလှပါတယ်။ အညာမြေရဲ့အိုအေစစ်လို့ တင်စားရတဲ့ ပုပ္ပားတောင်မကြီးအောက်ခြေမှာရှိတဲ့ တောင်ပေါ်ရွာခရီးစဉ်ကို ခရီးစဉ်ဒေသ အသစ်အနေနဲ့ ဩဂုတ် ၂၃ ရက်မှာ စတင် သွားရောက်လည်ပတ်ကြမှာဖြစ်ပါတယ်လို့ The Unlock Travels & Tour က တာဝန်ရှိသူက စာရေးသူကို ဆိုပါတယ်။

တောင်ပေါ်တောင်ရွာလေးက ပုပ္ပားတောင်မကြီးရဲ့ မီးတောင်ချိုင့်ဝှမ်းအတွင်း တည်ရှိနေပြီး စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်တဲ့ကျေးရွာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တောင်ပေါ်(တောင်) ကျေးရွာအုပ်စုမှာရှိပြီး အများစုကတော့ တောင်ပေါ်ရွာလို့ ခေါ်ကြပါတယ်။

ဤသို့ ဝိသေသတွေများစွာရှိလှတဲ့ ပုပ္ပားတောင်ဒေသ၊ စကားဝါပန်းတို့ပွင့်လန်းရာမြေ၊ အညာမြေရဲ့ အိုအေစစ် မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး ဘူမိဥယျာဉ်တစ်ခုဖြစ်တဲ့ ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်နယ်မြေထဲက တောင်ပေါ်တောင်ရွာလေးဆီကို သွားရောက်လည်ပတ်နိုင်စေဖို့ ရေးသားဖော်ပြလိုက်ရပါတယ်။ ။

> “ပုပ္ပားကိုရောက်ရင် ဘုရားဖူးစရာပဲရှိတယ်လို့ ထင်မှတ်ထားကြတယ်။ တကယ်တော့ ပုပ္ပားမှာ လည်ပတ်လေ့လာစရာတွေများပါတယ်။ အခုပုပ္ပားတောင် မီးတောင်ချိုင့်ဝှမ်းအလယ်ထဲမှာရှိတဲ့ တောင်ပေါ်တောင်ရွာလေးဆိုရင် အလွန်သာယာလှပပါတယ်။ ရှမ်းပြည်ရောက်နေတဲ့ခံစားမှုမျိုး မြူတွေတိမ်စိုင်တွေနဲ့ လှပတဲ့ရွာလေးတစ်ရွာပါ။ ဒေသခံတွေကလည်း ဖော်ရွေပျူငှာကြပါတယ်”

# ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)၌ ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းဖွင့်

တောင်ငူ ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)၌ တောင်ငူခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)တို့ ပူးပေါင်း၍ ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ကြူကြူဝင်းက အမှာစကား ပြောကြားပြီး တောင်ငူခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမိုးမြင့်က သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ သင်တန်းကို ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းကို ဩဂုတ် ၂၄ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းတွင် ကြက်ခြေနီအကြောင်း သိကောင်းစရာ၊ လူနာဆန်းစစ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာရှေးဦးပြုစုခြင်း၊ ဒဏ်ရာအမျိုးမျိုးနှင့် သွေးယိုစီးခြင်းကို ပြုစုခြင်း၊ အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်း၊ သွေးဆုတ်သွေးလန့်ခြင်း၊ မူးမေ့ခြင်းနှင့်သတိလစ်ခြင်း၊ အဆိပ်သင့်ခြင်း၊ သတ္တဝါများကိုက်ခြင်းနှင့် တုပ်ခြင်း၊ အရိုးကျိုးခြင်း၊ အဆစ်လွဲခြင်း၊ ရိုးဆက်ကြောနှင့် ကြွက်သားများ ထိခိုက်ဒဏ်ရာရခြင်း၊ လူနာကိုင်တွယ်ခြင်းနှင့် သယ်ဆောင်ခြင်း၊ အခြေခံအသက်ကယ် အထောက်အကူပြုနည်းတို့ကို သင်ကြားပို့ချမည်ဖြစ်ပြီး ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၇၃ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ပေါင်မြို့နယ်၌ သထုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးစိုက်ထည့်ပွဲပြုလုပ်

ပေါင် ဩဂုတ် ၂၄

မွန်ပြည်နယ် ပေါင်မြို့နယ်၌ သထုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့ နံနက်ပိုင်းက ရင်းငြိမ်ချောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမင်းမင်းနှင့် ခရိုင်ရုံးဝန်ထမ်းများ၊ ပေါင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ရင်းငြိမ်ချောင်းအတွင်းသို့ မွန်ပြည်နယ်ငါးသားပေါက်စခန်း(သထုံ)မှ နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၀၀၀၀၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၃၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**



# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ခရိုင်အဆင့်ဆုချီးမြှင့်ပွဲကျင်းပ

မြန်အောင် ဩဂုတ် ၂၄

ဧရာဝတီတိုင်း ဒေသကြီး မြန်အောင်ခရိုင်၏ ခရိုင်အဆင့် (၂၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက အမှတ်(၁) ရပ်ကွက်ရှိ အောင်ဇေယျ အားကစားခန်းမ၌ ကျင်းပသည်။




ဦးစွာ မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆက်လက်၍ ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီး တစ်ဦးချင်းနှင့် အဖွဲ့လိုက်ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ဒိုင်အဖွဲ့တွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဂီတပညာရှင် ဦးသန်းညွန့် (စာရေးဆရာ ဇင်မင်း-သမိန်ထော)နှင့် အဖွဲ့ဝင်များကို ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ဆုရရှိသူများ၏ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲတွင် မြန်အောင်ခရိုင်အတွင်းရှိ မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်နှင့် အင်္ဂပူမြို့နယ်တို့မှ အဆိုပြိုင်ပွဲဝင် မဟာဂီတ အဆို သုံးဦး၊ ခေတ်ဟောင်း၊ ကာလပေါ်အဆို ကိုးဦး၊ ကဗျာလွတ်အက ပြိုင်ပွဲဝင်အဖွဲ့ သုံးဖွဲ့၊ တစ်ဦးချင်းအကပြိုင်ပွဲဝင် ခုနစ်ဦး၊ တစ်ဦးချင်းအတီးပြိုင်ပွဲဝင် ငါးဦး၊ အိုးစည် အဖွဲ့လိုက်အတီးအဖွဲ့ သုံးဖွဲ့နှင့် အရေးပြိုင်ပွဲဝင် နှစ်ဦး၊ စုစုပေါင်း ပြိုင်ပွဲဝင် ၉၁ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိသူများသည် တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အာရှချန်ပီယံလိဂ် အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာကလပ် မြဝတီအသင်း ဆော်ဒီကလပ်နှင့် စတင်ကစားရမည်

ရန်ကုန် ဩဂုတ် ၂၄

၂၀၂၄-၂၀၂၅ ရာသီ အာရှချန်ပီယံလိဂ် အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုပွဲများကို ဩဂုတ် ၂၅ ရက် **(ယနေ့)** စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသမီးကလပ် မြဝတီအသင်းသည် ဆော်ဒီအာရေဗျကလပ်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ခြေစစ်ပွဲအုပ်စုပွဲများကို ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ အုပ်စုလေးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် မြဝတီအသင်းသည် ဆော်ဒီအာရေဗျနိုင်ငံ၌ကျင်းပမည့် အုပ်စု (က) တွင် ကျရောက်နေသည်။ မြဝတီအသင်းသည် အိမ်ရှင်ဆော်ဒီအာရေဗျကလပ် အယ်လ်နာဆာအသင်း၊ ယူအေအီးကလပ် အဘူဒါဘီအသင်း၊ လာအိုကလပ် Young Elephant အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေခြင်းဖြစ်သည်။

မြဝတီအသင်းသည် အုပ်စုပွဲများအဖြစ် မြန်မာစံတော်ချိန် ဩဂုတ် ၂၆ ရက် နံနက် ၁ နာရီတွင် အိမ်ရှင်ဆော်ဒီအာရေဗျကလပ် အယ်လ်နာဆာအသင်း၊ မြန်မာစံတော်ချိန် ဩဂုတ် ၂၈ ရက် ည ၉ နာရီတွင် ယူအေအီးကလပ် အဘူဒါဘီအသင်း၊ မြန်မာစံတော်ချိန် ဩဂုတ် ၃၁ ရက် ည ၁၁ နာရီ ၄၅ မိနစ်တွင် လာအိုကလပ် Young Elephant အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းစီ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ နောက်ဆုံးအဆင့်တွင် အသင်းစုစုပေါင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲအောင် လေးသင်း၊ တိုက်ရိုက်ကစားခွင့်ရရှိသင်း ပါဝင်မည်ဖြစ်သည်။ **ကိုညီလေး**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၈ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၁၀ ကျပ် | ၂၆၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၂၀၀ ကျပ် | ၃၂၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၉၇၅ ကျပ် | ၃၀၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၃၁၁၅ ကျပ် | ၃၁၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၆၂၂ | ၅၅၄၆၃၀၀ |
| MTSH | ၃၄၅၀ | ၃၅၀၀ | ၇၁၈ | ၂၄၉၃၃၅၀ |
| MCB | ၈၅၀၀ | ၈၉၀၀ | ၁၉ | ၁၆၁၉၀၀ |
| FPB | ၁၈၀၀ | ၁၈၅၀ | ၅၃၀၅ | ၉၅၄၉၀၅၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၉၅၈ | ၂၆၈၂၄၀၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၃၀၈ | ၅၃၉၀၀၀ |
| AMATA | ၄၆၀၀ | ၄၆၀၀ | ၂၂၁ | ၁၀၁၆၆၀၀ |
| MAEX | ၃၄၀၀ | ၃၄၀၀ | ၁ | ၃၄၀၀ |

## အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ နန်းသြကျေးရွာအုပ်စု၊ ဒိုးပင်ခုံကျေးရွာနေ (ဘ) ဦးကျော်ရွှေ၏သား ဦးတင်စိုး ၉/တကန (နိုင်)၁၀၃၄၄၁ အား ဦးတင်စိုးကျော် ဟု ပြောင်းလဲခေါ်ပါရန်။

**ဦးတင်စိုးကျော်**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက-ရင်းငြိမ်ကျောင်း Grade-9 မှ ခွန်စိုင်းသီဟမောင်၏ မိခင်အမည်မှန်မှာ ဒေါ်ညိုရင် ၁၀/ပမန (နိုင်) ၁၅၀၅၃၀ ဖြစ်ပါကြောင်း။

**ဒေါ်ညိုရင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် မမ-၁၃၊ ဦးပိုင်အမှတ် ၅၊ ၁၁၅x၁၁၆ကြား၊ ၅၁x၅၂ ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သေး ၉/မနတ(နိုင်)၀၂၀၇၈၁၏ အထွေထွေကိုယ်စား လှယ်လွှဲစာအမှတ် (၂၀၅၆/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဂမ်ဖန် ၁၃/ကခန(နိုင်)၀၅၁၆၈၂က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ဆဆ-၁၀၊ ဦးပိုင်အမှတ် ၃၀၊ ၄၉x၅၀ ကြား၊ ၁၀၆-A လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြမြသိန်း ၈/မကန(နိုင်)၀၂၀၁၇၃၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၁၁၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကြည်စိုး (ခ)လောက်လျှူ ၁၃/လရန(နိုင်) ၀၅၀၈၇၈က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် စစ-၄၊ ဦးပိုင်အမှတ် ၁၅/၁၀၅x၁၀၆ ကြား၊ ၅၆x၅၇ ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်ဦး ၉/မနမ(နိုင်)၀၃၃၉၁၆ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၁၈၄၆/၂၀၂၄ ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်မျိုးဟိန်း ၉/မရမ(နိုင်)၀၉၂၄၅၀က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့် ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ် ဇ-၁၊ ဦးပိုင်အမှတ် ၄၀-ခ၊ ၆၁x၆၂ ကြား၊ မနော်ဟရီxစိန်ပန်းလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်အုန်း ၁၃/မကန(နိုင်)၀၀၀၁၄၇ ၏ အထူး ကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၆၄၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေး ၁၃/သပန(နိုင်)၁၂၃၃၁၇က ဦးပိုင်ခွဲမိန့် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဇရပ်ကွက်၊ အကွက်အမှတ် နန-၁၉၊ ဦးပိုင်အမှတ်၅၆၊ ၆၄X၆၅ကြား၊ ၁၃၃X၁၃၄လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၇၄၁/၉၂-၉၃)အရ တကမြသိန်း EMDY-၂၆၄၉၅၄ အမည်ပေါက်သို့ မြေရာဇဝင်၁-ကမှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်သီတာစိုး ၉/ကပတ(နိုင်) ၁၉၇၄၂၁မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဈရပ်ကွက်၊ အကွက်အမှတ် ပပ-၈၊ ဦးပိုင်အမှတ်၅၀၊ ၆၃X၆၄ကြား၊ သခင်ဖိုးလှကြီးနှင့် ယောမင်းကြီးလမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၄၇၇၄/၉၀-၉၁) အရ ဦးပြုံးချို(ခ)မျိုးခင် ၉/ပသက(နိုင်)၀၅၀၄၂၈ အမည်ပေါက်သို့ မြေရာဇဝင်၁-ကမှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးပြုံးချို(ခ)မျိုးခင် ၉/ပသက(နိုင်)၀၅၀၄၂၈မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၁/၁) ရပ်ကွက်၊ ထွန်းရွှေဝါ (၃) လမ်း၊ မြေကွက်အမှတ် (၃၅၅) **ဒေါ်အုံး (၉/မထလ (နိုင်) ၀၆၆၁၈၁)** အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်၊ (အလျား ၄၀ ပေ × အနံ ၆၀ ပေ)ရှိ မြေကွက်အနက်မှ တရားဝင်ခွဲဝေခြင်းမရှိသေးသော ခေါင်းရင်းဘက်ခြမ်း (အလျား ၁၀ ပေ × အနံ ၆၀ ပေ) ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသူ **ဦးထွန်းမင်းစိုး (၁၂/တတန (နိုင်) ၁၄၄၆၇၆)** ထံမှ ကျွန်ုပ်၏ မိတ်ဆွေ **ဦးအောင်မျိုးကျော် (၁၂/ဥကမ (နိုင်) ၂၆၀၅၁၄)** က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်မှု တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်လင်းလက်ဝေးမောင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ် - ၃၈၉၀၄)**
**အခန်း (A-၁၁/၁၂)၊ ပထမထပ်၊ အမှတ် (၅၀)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၀၉ ၄၄၄၂၅၂၂၀၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ မြေကွက်အမှတ် (၅၉၃)၊ ဒေါ်ခင်အေးချို အမည်ပေါက်၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ပါမစ်မြေကွက် အနက်မှ (၂၀ ပေ x ၆၀ပေ)ရှိ (မြေကွက်အမှတ် (၅၉၂)နှင့်ကပ်လျက်ခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးကျော်ထူး (၁၂/သကတ (နိုင်)၁၃၁၆၉၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေခဲ့ပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများ သိစေရန်အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LL.B, LLM)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း - ၀၉-၇၉၅၆၈၃၃၇၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စရပ်ကွက်၊ အကွက်အမှတ် ထထ-၁၊ ဦးပိုင်အမှတ် ၁၀၊၆၁X၆၂ကြား၊ ၁၂၆X၁၂၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သီသီဝင်း ၁၃/တခလ(နိုင်)၀၀၄၂ ၅၆ကဂရန်စာချုပ်တင်ပြ၍မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် ထထ-၁၊ ဦးပိုင်အမှတ် ၉၊ ၆၁x၆၂ ကြား၊ ၁၂၆x၁၂၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သီသီဝင်း ၁၃/တခလ(နိုင်) ၀၀၄၂၅၆က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် အ-၁၇၊ ဦးပိုင်အမှတ် ၁၄ ခဲစင်းတောင်ခြမ်း၊ ၆၈X၆၉ကြား၊ ၁၁၉X၁၂၀ လမ်းကြားရှိ ဦးတင်မောင် အမည်ပေါက်တောဂရန်မြေကွက်အား တရားလို ဒေါ်အီနန်း(၎င်း၏ GPရသူ ဦးအိုက်မိန်းခွန်း)ကတရားပြိုင် ဦးတင်မောင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၈၆/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးအိုက်မိန်းခွန်း ၁၃/လရန(နိုင်)၁၉၂၅၄၅ ကတောဂရန်၊တရားရုံးအမိန့်တို့တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စရပ်ကွက်၊ အကွက်အမှတ် ထထ-၇၊ ဦးပိုင်အမှတ် ၄၁-က၊၆၁X၆၀Bကြား၊ ကျန်စစ်သားxဗန္ဓုလလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန်း ၉/ပသက (နိုင်) ၀၄၈၆၄၇၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၈၅၄/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းဆိုင်ဟွမ် ၁၃/နခန(နိုင်)၀၇၁၅၄၅က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အ.ထ.က(တောင်နီ)၊ Grade-12(C)မှ မနန်းခမ်း ၁၃/တကန (နိုင်)၃၅၂၅၂၄၏ ဖခင်အမည်မှန်မှာ ဦးလောင်း ၁၃/တကန(နိုင်) ၁၆၈၇၆၆ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

(ဘ)ဦးတင်စိုး ၁၃/တကန (နိုင်)၁၇၄၇၈၆ ၏ သမီး တောင်ကြီးမြို့နယ်၊ အ.ထ.က (တောင်နီ) Grade-12(C)မှ မနွယ်နီလှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ(၇-၁၀-၂၀၀၆) ဖြစ်ပါကြောင်း။

## အမည်ပြောင်း

(ဘ)ဦးပြည်တူ ၁၃/တကန(ဧည့်)၀၀၁၀၉၅ ၏သမီး တောင်ကြီးမြို့နယ်၊ အ.ထ.က (တောင်နီ) Grade-11(A)မှ မနှင်းရတီဦး အား ယနေ့မှစ၍ မပူလ်နီးမာ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၁၊ လူနေရပ်ကွက်အမှတ်- ၆/၉၊ မြေကွက်အမှတ်-၂၈၅(က)၊ အကျယ်အဝန်းပေ (၂၀x၆၀)ပေရှိသော ဒေါ်ခင်မြင့်အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချ ပိုင်ခွင့်ရှိသူ ဦးညဏ်ဝင်း ၁၂/ရပသ (နိုင်) ၀၀၂၈၉၆ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မင်းကိုကို ၇/ဒဥန(နိုင်) ၁၄၄၇၀၇ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအားပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအဝဝအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မင်းကိုကို၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယဉ်ယဉ်စိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၄၆)**
**အမှတ်(၂၁၆/ခ)၊ မန္တလေးလမ်း၊ (၆/၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၆၂၂၂၁၀**

## ဖခင်အမည်မှန်

တောင်ကြီး မြို့နယ်၊ အ.ထ.က (တောင်နီ)၊ Grade-12(A)မှ မောင်သော်သော်စံနှင့် Grade-12(C)မှ မသူသူစံတို့၏ ဖခင်အမည်မှန်မှာ ဦးစန်းဝင်း ၉/မထလ(နိုင်)၁၃၂၆၈၁ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်မှန် ဖခင်မှန်

တောင်ကြီးမြို့နယ်၊ အ.ထ.က (တောင်နီ)၊ Grade-12(B) မှ နန်းအေးအေးမိုး၏ မွေးသက္ကရာဇ်အမှန်မှာ (၁၄-၁၀-၂၀၀၇)ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ခွန်ကျော်သိန်း ၁၃/တကန(နိုင်) ၁၇၉၅၀၇ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ဇီးကုန်း(၁)လမ်း၊ မြေကွက်အမှတ် (၈) ဟုခေါ်တွင်သော အလျားXအနံ(၃၅X၇၂)ပေအကျယ်ရှိ ဦးကျင်မွှန်းအမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်မြတ်မွန်နိုင်(ဘ) ဦးဘိုးငို ၁၄/ဇလန(နိုင်)၀၈၇၅၆၆ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည် ကြည်သန်း (ဘ)ဦးချစ်ဆိုင် ၁၂/ဥကတ(နိုင်)၁၄၂၄၀၈) က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကို ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ် ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇာနည် (LL.B,D.B.L)(စဉ်-၁၄၆၆၈)** | **ဒေါ်ခင်သီတာမြင့်အောင် ( LLB )** |
| **ဒေါ်အိအိမော်(ခ)အိသန္တာအောင်(LL.B)(စဉ်-၁၈၇၂၆)** | **(စဉ်-၅၂၀၆၄)** |
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေ** |

**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊သန်လျင်မြို့။ ဖုန်း-၀၉-၇၉၇၀၇၅၃၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ် (၄၄) ဟု ခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂ ခန်းတွဲ ၃ ဂျ) ထပ် တိုက်အဆောက်အအုံမှ အကျယ်အဝန်း (၁၂ ပေ x ၅၀ပေ) ရှိ (ခေါင်းရင်းဘက်)မြေညီတိုက်ခန်းအား တရားဝင်လက်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသော ပိုင်ရှင်ဖြစ်သူ (မြေရှင်) ဒေါ်ညိုညိုဝင်း (၁၂/ကမရ(နိုင်)၀၀၈၆၄၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသဇင်ထွန်း (၆/ရဖန(နိုင်)၀၇၀၈၅၄) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးထားပြီးဖြစ်သော ကြောင့် အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည့် မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း တရားဝင်ခိုင်မာသော အထောက်အထားစာရွက်စာတမ်းမူရင်းအပြည့်အစုံနှင့်တကွကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးသဇင်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာနည်ဝင်းထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၂၇၅)**
**ရုံး - အင်းစိန်ရှေ့နေအသင်း၊ အင်းစိန်စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့ နယ်၊ ရန်ကုန်မြို့၊ Ph-09-420035924**

## ကန့်ကွက်နိုင်ပါကြောင်း

